ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ သောကြာနေ့၊ (7-10-2005) (၄၇၄၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တနင်္သာရီတိုင်းသည် နိုင်ငံတော်က အားထားရသည့် တိုင်းတစ်တိုင်း ဖြစ်လာမည်ဟု မျှော်မှန်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့

ဆန်စပါး တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်း စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ယခုထက်တိုးတက်အောင်ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၆

တနင်္သာရီတိုင်း ကော့သောင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လိုက်ပါ၍ အောက်တိုဘာ ၃ရက် နံနက် ၇နာရီတွင် ကော့သောင်းခရိုင် ခမောက်ကြီးမြို့သို့ ရောက်ရှိကြပြီး ခမောက်ကြီးမြို့ ကိုယ့်အားကိုယ်ကိုး မြို့မဈေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ခမောက်ကြီးမြို့ အုပ်ချုပ်ရေးမှူးဦးညီညီက ကိုယ့်အားကိုယ်ကိုး ဈေးသစ် တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ခမောက်ကြီးမြို့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးမိုးဇော်ဦးထံ ကိုယ့်အားကိုယ်ကိုး မြို့မဈေးသစ်ဆိုင်ရာ အချက်အလက် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခမောက်ကြီးမြို့ အုပ်ချုပ်ရေးမှူးဦးညီညီနှင့် မြို့စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးမိုးဇော်ဦးတို့က ခမောက်ကြီးမြို့ ကိုယ့်အားကိုယ်ကိုး မြို့မဈေးသစ်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများသည် ဈေးသစ်အတွင်း ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခမောက်ကြီးမြို့ ပြည်သူ့ဆေးရုံဖွင့်ပွဲနှင့် ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းရင်းသား၊ တိုင်းရင်းသူလေးများက ခမောက်ကြီးမြို့ ပြည်သူ့ဆေးရုံဆိုင်းဘုတ်ကို ရွှေကြိုးငွေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းခိုင် တင်ဆောင်သည့် မော်တော်ယာဉ်များ အလေးချိန် ချိန်တွယ်မှုနှင့် စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

☆ *နိုင်ငံတော်က လမ်းသစ်များစွာကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိသကဲ့သို့ တံတားကြီး၊ တံတားငယ် အသွယ်သွယ်ကိုလည်း အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးနေကြောင်း တွေ့မြင်နေရသည်။ ယခုအခါ နိုင်ငံတစ်ဝန်း၌ လမ်းမိုင်အရှည် ၁၈၆၄၀ ရှိလာခဲ့ပြီး ဧရာဝတီမြစ်ကူးတံတားကြီး ခုနစ်စင်းအပါအဝင် ပေ ၁၈၀ အထက်တံတားကြီး ၂၀၇စင်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။* ခေါင်းကြီး စာမျက်နှာ(၂)

☆ *ကျွန်မတို့တစ်တွေဟာ ကိုယ့်အင်အားနဲ့ကိုယ် သမိုင်းတစ်လျှောက်လုံးမှာ ပြန်ပြီးမတ်ဖို့ကြိုးစားခဲ့ကြတာ အောင်မြင်ခဲ့ကြတာ ချည်းပါပဲ။ အခုလိုဝင်ရောက်စွက်ဖက်တာတွေ၊ မီဒီယာကနေတိုက်တာတွေ၊ စုန်းပြူးတွေကို မွေးပြီး အော်ခိုင်းတာတွေကတော့ မြန်မာနိုင်ငံ ပြည်သူလူထုကို ဒုက္ခပေးနေတဲ့ အလုပ်တွေဖြစ်ပါတယ်။*

နှင်းအေးခိုင်၏ "လူပီသတဲ့လူဆိုရင် သေးငယ်တဲ့သိက္ခာကိုပင် စောင့်ရတယ်"

ဆောင်းပါး စာမျက်နှာ(၈-၉)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၇–၁၀–၂၀၀၅
(သောကြာနေ့)

ကိုယ်ပိုင်အတတ်ပညာစွမ်းအားဖြင့် တံတားများတည်ဆောက် စံချိန်စံညွှန်းကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရက တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးကို ရှေးရှုပြီး နယ်မြေဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

တစ်ချိန်တည်းတွင် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကကျသော လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်လာစေရန် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်သွယ် ချစ်ကြည်ရင်းနှီးမှု ရရှိလာခြင်း၊ ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးဖြစ်ထွန်းမှုများ ပိုမိုရရှိလာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က လမ်းသစ်များစွာကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိသကဲ့သို့ တံတားကြီး၊ တံတားငယ်အသွယ်သွယ်ကိုလည်း အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးနေကြောင်း တွေ့မြင်နေရသည်။ ယခုအခါ နိုင်ငံတစ်ဝန်း၌ လမ်းမိုင်အရှည် ၁၈၆၄၀ မိုင်ရှိလာခဲ့ပြီး ဧရာဝတီမြစ်ကူးတံတားကြီး ခုနစ်စင်းအပါအဝင် ပေ ၁၈၀ အထက် တံတားကြီး ၂၀၇ စင်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များလိုက်ပါလျက် ပြင်ဦးလွင်နှင့် မန္တလေး ခရီးစဉ်အတွင်း အောက်တိုဘာလ ၂ရက်နေ့က ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧရာဝတီတံတား(ရတနာပုံ) ပင်မတံတား၏ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ရေလယ်တိုင်အလိုက် သံပေါင်တပ်ဆင်ပြီးစီးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တံတားကြီး ရေရှည်ကြံ့ခိုင်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်သင့်သည်များနှင့် အခြားလိုအပ်ချက်များကို ဆွေးနွေးမှာကြားသွားသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြောင်းလဲတိုးတက်လာသည့် ယာဉ်သွားလာမှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့ကို ဆက်သွယ်ပေးမည့် ဧရာဝတီမြစ်ကူး ဧရာဝတီတံတား(ရတနာပုံ)ကို တည်ဆောက်လျက်ရှိသည်။ အဆိုပါတံတားကို လက်ရှိအင်းဝတံတား၏အထက် ရေဆန်ဘက် ပေ ၂၀၀၀ ခန့်အကွာ၌ တည်ဆောက်လျက်ရှိသည်။

ဧရာဝတီတံတား(ရတနာပုံ)ကို မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်းတို့၌ တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိသည်။ ပင်မတံတားမှာ သံမဏိသံပေါင်နှင့် သံကူကွန်ကရစ် ကြမ်းခင်းအမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတားအရှည် ၅၆၁၄ ပေ ရှည်မည့် လေးလမ်းသွားကားလမ်းတံတားကြီးဖြစ်သည်။

အဆိုပါတံတား၏ သံပေါင်တင်မင်္ဂလာအခမ်းအနားကို ၂၀၀၄ ခုနှစ် ဧပြီလ ၁၁ ရက်နေ့က ကျင်းပခဲ့သည်။ တံတားတစ်စင်းလုံးအနေဖြင့် သံပေါင် ၁၁၂၆ မီတာ တပ်ဆင်ရမည်ဖြစ်ရာ ယခုအခါ သံပေါင်မီတာ ၆၄၀ တပ်ဆင်ပြီးစီးနေပြီဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ဧရာဝတီမြစ်ပေါ်၌ တံတားကြီးများကို တည်ဆောက်ပေးခဲ့သဖြင့် ကချင်ပြည်နယ်တွင် ဗလမင်းထင်တံတား၊ ပဲခူးတိုင်းတွင် နဝဒေးတံတား၊ မကွေးတိုင်းတွင် အနော်ရထာတံတားနှင့် ဧရာဝတီတံတား(မကွေး)၊ ဧရာဝတီတိုင်းတွင် မအူပင်တံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ ဧရာဝတီတံတား(ဒေးဒရဲ)တို့ ပေါ်ထွန်းလာခဲ့ပြီဖြစ်ရာ ပြည်သူများ လွယ်ကူလျင်မြန်စွာ ကူးသန်းဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

သို့ဖြစ်ရာ မြန်မာအင်ဂျင်နီယာများနှင့် ဝန်ထမ်းများက မိမိတို့၏ ကိုယ်ပိုင်အတတ်ပညာစွမ်းပကားဖြင့် တံတားကြီးပေါင်း မြောက်မြားစွာကို အောင်မြင်စွာတည်ဆောက်ပေးနိုင်ခဲ့သည့် အစဉ်အလာအတိုင်း ဧရာဝတီတံတား(ရတနာပုံ)ကိုလည်း ရေရှည်ကြံ့ခိုင်ရေးအတွက် စံချိန်စံညွှန်းများနှင့်အညီ ကြိုးပမ်းတည်ဆောက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီးအား ဩစတြီးယားသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

ရန်ကုန် အောက်တိုဘာ ၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဝင်းအား ဩစတြီးယား သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ နိုဘူတာကာ မာချိမူရာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ အမျိုးသမီးငယ်များအား ယဉ်ကျေးမှုပညာပေးဟောပြော ကျောင်းပြင်ပ ပညာရေးစာသင်ဝိုင်းများသို့ သွားရောက်ကြည့်ရှု

ရန်ကုန် အောက်တိုဘာ ၆

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးကျင်းပသည့် အမျိုးသမီးငယ်များ ယဉ်ကျေးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၇ရက် မွန်းလွဲ ၁နာရီတွင် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဟောပြောပွဲသို့ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်တင်တင်လတ်နှင့်ပြည်နယ်၊ခရိုင်၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာမများနှင့် ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်စန်းရီက အမျိုးသမီးငယ်များ ယဉ်ကျေးမှုဆိုင်ရာ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး ခေါင်းစဉ်ဖြင့် ဟောပြောပြီး "ရွှေပေးလို့မရ" ပညာပေးဗီဒီယိုပြသပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လဲ့ခိုင်က ဟောပြောပွဲနှင့် ပတ်သက်၍ ကျောင်းသူလေးများအား မေးမြန်းဆွေးနွေးသည်။

ထို့နောက် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မွန်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နှင့် လူမှုဝန်ထမ်း ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မူလတန်းကြိုဆရာမများ သင်ကြားမှုစွမ်းရည် မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိုကြည့်ရှုအားပေးကြသည်။

ယင်းဆွေးနွေးပွဲတွင် မြို့နယ် ၁၀ မြို့နယ်မှ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ လူမှုဝန်ထမ်း မူလတန်းကြိုကျောင်းများ၊ အခြေခံပညာကျောင်းများရှိ မူလတန်းကြိုကျောင်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်းများရှိ ဆရာမများ၏ တေးကဗျာများ ရွတ်ဆိုသင်ကြားမှုများကို လည်းကောင်း၊ ပုံပြင်များသင်ကြားမှုကို လည်းကောင်း၊ သင်ထောက်ကူ ပစ္စည်းများ အသုံးပြုခြင်းကိုလည်းကောင်း လက်တွေ့သရုပ်ပြ ဆွေးနွေးကြသည်။

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် စက်တင်ဘာ ၁၈ရက်တွင် မော်လမြိုင်မြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆောက်အအုံရှေ့ မြက်ခင်းပြင်၌ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်အတူ ကျန်းမာရေးလေ့ကျင့်ခန်းများ လေ့ကျင့်နေကြသည့် အဘိုး အဘွား ၃၀တို့အား ကြည့်ရှုအားပေးကြသည်။

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်နှင့် ပြည်နယ်၊ ခရိုင်၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် စက်တင်ဘာ ၁၈ရက်တွင် သံဖြူဇရပ်မြို့နယ် ကျုံကဒက်ကျေးရွာ ဦးအောင်သန်းလေး၏ ရော်ဘာခြံသို့ ရောက်ရှိကြပြီး ရော်ဘာခြံရှိ အလုပ်သမားမိသားစုများ၏ ရော်ဘာပျိုးပင်များ ပျိုးထောင်နေခြင်းကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ကျောင်းပြင်ပ ပညာရေး စာသင်ဝိုင်းသို့ သွားရောက်ကြည့်ရှုပြီး စာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ကြသည်။

ဆက်လက်၍ သံဖြူဇရပ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ရော်ဘာခြံ အလုပ်သမား မိသားစုအား ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အတွက် ကျန်းမာရေး ပညာပေး ဟောပြောပြီး ဆေးစိမ်ခြင်ထောင်များ ပေးအပ်ထောက်ပံ့သည်။

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သည် စက်တင်ဘာ ၁၈ ရက်တွင် မုဒုံမြို့နယ် တောင်မြင့်မိုရ် စက်ယက်ကန်းရုံသို့ သွားရောက်ပြီး အလုပ်သမားများနှင့် တွေ့ဆုံကာ စက်ရက်ထည် ပြုလုပ်ပုံ အဆင့်ဆင့်ကို ကြည့်ရှုကြသည်။

အဆိုပါ စက်ယက်ကန်းရုံမှ ရက်လုပ်သော အထည်များကို မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က အများဆုံးဝယ်ယူ၍ အခြားပြည်နယ်များသို့ ဖြန့်ဖြူးပေးသည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့သည် ကွန်ပျူတာ (Printed) ဒီဇိုင်းများကို အင်္ကျီပေါ်တွင် စက်ဖြင့် ပန်းထိုးနေမှုများကို ကြည့်ရှု၍ လိုအပ်သည်တို့ကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့သည် မုဒုံမြို့နယ် ရက်ကန်းကျောင်းသို့ သွားရောက်ပြီး သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ရက်ကန်းကျောင်း၌ သင်ကြားနေမှု၊ သင်တန်း၏ ထောက်ပံ့မှုနှင့် ၎င်းတို့၏ ရည်ရွယ်ချက်များကို ဆွေးနွေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့်အတူ မော်လမြိုင်မြို့ရှိ အမျိုးသမီးစောင့်ရှောက်ရေးရိပ်သာသို့ ရောက်ရှိကြရာ ရိပ်သာအမှုဆောင် ဒေါ်ဝင်းဝင်းမာက ရိပ်သာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သက်န်းနှင့် အဝတ်၊ ကြက်မွေးတံမြက်စည်းများ ချုပ်လုပ်နေကြသော အမျိုးသမီး လေးများအား ကြည့်ရှုအားပေး၍ လုပ်ငန်းတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့က အပ်ချုပ်စက်ခေါင်းများ ပေးအပ်လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မရမ်းကုန်းမြို့နယ်၊ ကန်ရိပ်သာလမ်းနေ ကွယ်လွန်သူဦးစောဖေ(ရေဒါအင်ဂျင်နီယာ)အားရည်စူး၍ ကျန်ရစ်သူသားသမီးမြေးတစ်စုက ငွေကျပ်သုံးသိန်းကို ဘဏ္ဍာရေးမှူး ဦးငွေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အောက်တိုဘာ ၃ရက်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင် အသက်(၈၃)နှစ်ရှိ ဗိုလ်မှူးချုပ်ခင်အုန်း(ငြိမ်း) (စာရေးဆရာ ရာမညကိုကိုနိုင်)အား အိမ်တိုင်ရာရောက်သွားရောက်၍ ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုငွေနှင့် ဆေးဝါးပစ္စည်းများဖြင့် ဂါရဝပြုကန်တော့စဉ်။ (လူမှုဝန်ထမ်း)

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီးများ မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ်တံတားကြည့်ရှုစစ်ဆေး ရခိုင်ပြည်နယ် နယ်စပ်ဒေသကုန်သွယ်မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁ရက်တွင် စစ်တွေမြို့ ဗန္ဓုလရိပ်သာ(၁)၌ ရခိုင်ပြည်နယ် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်များမှ လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးမှာကြားကြပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မောင်တောမြို့သို့ ရောက်ရှိကြပြီး မောင်တောခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့် မြို့နယ် အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားကြသည်။

တိုင်းမှူးနှင့် ဝန်ကြီးများသည် အောက်တိုဘာ ၂ရက်တွင် မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ ဌာနဆိုင်ရာများ၊ ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် တွေ့ဆုံကြရာ ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးများက နယ်စပ်ဒေသကုန်သွယ်မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးမှာကြားကြသည်။

ထို့နောက် ဌာနဆိုင်ရာများက ဌာနဆိုင်ရာ လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ မောင်တောမြို့ ကုန်သည်များအသင်းနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များက ပို့ကုန်၊ သွင်းကုန် တိုးတက်မှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်းတင်ပြကြပြီး မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရန်မျိုးအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အလုပ်အမှုဆောင်များက နယ်စပ်ဒေသကူးသန်းရောင်းဝယ်ရေးအခြေအနေများ တိုးတက်ရေးအတွက် ဆွေးနွေးတင်ပြကြရာ ဝန်ကြီးများက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးများသည် ရေယာဉ်ဖြင့် တောင်ပြိုလက်ဝဲသို့ရောက်ရှိကြပြီး မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ်တံတားကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တောင်ပြိုလက်ဝဲ ခန်းမဆောင်၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များအားတွေ့ဆုံ၍ တိုင်းမှူးနှင့် ဝန်ကြီးများက ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို မှာကြားကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအုပ်စု ဧက ၁၀၀ မိုးစပါးစိုက်ခင်းနှင့် မြို့သူကြီးကျေးရွာအုပ်စု ဧက ၁၀၀ စံပြစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဖူးမြော်ကြည်ညို

ညပိုင်းတွင် မောင်တောမြို့ မြို့မကျောင်းတိုက်၌ ကိန်းဝပ်တော်မူလျက်ရှိသော မဟာကျန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး ဆရာတော်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားကြသည်။

တိုင်းမှူးနှင့် ဝန်ကြီးများသည် အောက်တိုဘာ ၃ ရက်တွင် ဘူးသီးတောင်မြို့နယ် ဂန္ဓမာကျေးရွာ မိုးစပါးဧက ၁၀၀စံပြစိုက်ခင်း၌ မိုးစပါး ၁၂ မျိုး ယှဉ်ပြိုင်စိုက်ပျိုးထားမှုနှင့် ရွှေရင်အေးစပါး စိုက်ကွင်းများကို လည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ရှေ့တန်းစခန်း၌ ရော်ဘာပျိုးပင် လေးသောင်း ပျိုးထောင်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဘူးသီးတောင်မြို့နယ် ဦးဥတ္တမခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံကုန်သည်ကြီးများ၊ ရေလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံရာ ဌာနဆိုင်ရာ ကုန်သည်ကြီးများက လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြဆွေးနွေးကြပြီး ဝန်ကြီးများက ဒေသထွက်ကုန် တိုးတက်ရေး၊ ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာကိစ္စများကိုမှာကြား၍ လိုအပ်သည်များကို ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးကာ တိုင်းမှူးက နိဂုံးချုပ်စကားပြောကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးများသည် ရေယာဉ်ဖြင့် ရသေ့တောင်မြို့နယ်သို့ ရောက်ရှိကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ပြီးစီးသွားသော သံကူကွန်ကရစ် သဘော်ဆိပ်ခံတံတားဖွင့်ပွဲသို့ တက်ရောက်ကြသည်။

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ မောင်တောမြို့နယ် မြို့သူကြီးကျေးရွာအုပ်စု မိုးစပါး ဧက ၁၀၀ စံပြစိုက်ခင်းတွင် စိုက်ပျိုးထားသော စပါးပင်နမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ရှေးဦးစွာ ဖွင့်ပွဲယာယီမဏ္ဍပ်၌ ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက တံတားဖြစ်မြောက်လာပုံကိုလည်းကောင်း၊ မြို့မိမြို့ဖတစ်ဦးက တံတားတည်ဆောက်ပြီးစီးမှုအတွက် ကျေးဇူးတင်စကားကို လည်းကောင်း ပြောကြားကြပြီး တိုင်းမှူးက ဆိပ်ခံတံတားကို တာဝန်ယူတည်ဆောက်ခဲ့သည့် အင်ဂျင်နီယာများအား ဂုဏ်ပြုဆုများပေးအပ်သည်။

ထို့နောက် သံကူကွန်ကရစ် သဘော်ဆိပ်ခံတံတားကို ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ တံတားမှာ အရှည် ၄၈ပေ၊ အနံ ၃၆ပေရှိ သံကူကွန်ကရစ် တံတားဖြစ်ပြီး လူဆင်းတံတားကိုပါ ပူးတွဲတည်ဆောက်ထားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် ရသေ့တောင်မြို့နယ် မေယုခန်းမ တည်ဆောက်ပြီးစီးနေမှုနှင့် ရသေ့တောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌လည်း ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံ၍ တင်ပြချက်များအပေါ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုင်းမှူးနှင့် ဝန်ကြီးများသည် အောက်တိုဘာ ၄ ရက်တွင် စစ်တွေမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ရခိုင်ပြည်နယ်ကုန်သည်ကြီးများအသင်း၊ ရော်ဘာလုပ်ငန်းရှင်များအသင်း၊ ရေလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပွဲသို့တက်ရောက်ကြရာ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ရခိုင်ပြည်နယ် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးဘိုးသိန်းနှင့် လုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးများက ရခိုင်ပြည်နယ်၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားရေး၊ ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် ပိုမိုတိုးချဲ့စိုက်ပျိုးရေး၊ ကုန်သွယ်မှုတိုးတက်မြင့်မားရေးတို့ကို ဒေသခံကုန်သည်၊ လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က နိဂုံးချုပ်စကားပြောကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် အောက်တိုဘာ ၄ ရက်တွင် စစ်တွေမြို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနရုံးများသို့ သွားရောက်ပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)



ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် (၁)လမ်းနေ ကွယ်လွန်သူ မိဘများအားရည်စူး၍ ဦးတက်တိုး၊ ဒေါ်တင်လှအုန်း၊ သား–မောင်မင်းမင်းစိုး၊ သမီး–မကျင်လှိုင်တို့က အထွေထွေငွေပဒေသာပင် ငွေကျပ် ၁၅၀၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကြက်ခြေနီ(နည်းပြ) သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၆

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကကြီးမှူး၍ မူလတန်းကျောင်းကြက်ခြေနီ (နည်းပြ)အဆင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာလှမြင့် တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းကို အောက်တိုဘာ ၈ရက်ထိ ဖွင့်လှစ်ထားမည်ဖြစ်ပြီး စီမံချက်ဝင်မြို့နယ် ၁၂မြို့နယ်မှ ဆရာ၊ ဆရာမများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(ယာပုံ)** (ကြက်ခြေနီ)

ကျိုက်ဝိုင်းစေတီတော် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၆

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်မုခ်ဦးတန်ဆောင်းကြီး တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ခြင်းကို ရင်ပြင်တော်ပေါ်ရှိ အောင်ဓမ္မာရုံတွင် အောက်တိုဘာ ၃ရက်ကကျင်းပရာ အလှူရှင်များလှူဒါန်းသော ငွေကျပ်ခုနစ်သိန်းကျော်ကို စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ညွန့်က လက်ခံရယူသည်။

အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ညွန့် ဖုန်း–၆၆၀၀၀၆၊ အတွင်းရေးမှူး ဦးမြင့်တင် ဖုန်း–၆၆၀၈၀၅၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းမြင့် ဖုန်း–၆၆၀၀၀၆၊ အဖွဲ့ဝင် ဦးထွဏ်းရည် ဖုန်း–၆၆၄၇၉၉၊ အဖွဲ့ဝင် ဦးမြတ်ဦး ဖုန်း–၆၆၅၃၃၁တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၂၉)



အမေရိကအလယ်ပိုင်းနှင့် မက္ကဆီကိုတောင်ပိုင်းတွင် ဟာရီကိန်းမုန်တိုင်းတိုက်ခတ်၊ ၁၆၂ ဦးသေဆုံး

တက်ပင်န် (ဂွာတီမာလာ) အောက်တိုဘာ ၆

အမေရိကတိုက်အလယ်ပိုင်းဒေသနှင့် မက္ကဆီကိုတောင်ပိုင်းဒေသတို့တွင် "စတန်"ဟုအမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မြေပြိုမှုများ၊ ရေလွှမ်းမိုးမှုများနှင့် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပွားခဲ့ရာ လူ၁၆၂ဦးထက်မနည်း သေဆုံးကြောင်း ကယ်ဆယ်ရေးလုပ်သားများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အမေရိကတိုက်အလယ်ပိုင်းဒေသရှိ တောင်ပေါ် ကျေးရွာများနှင့် မြို့ပြပုံကျရပ်ကွက်များတွင် မြေပြိုမှုများကြောင့် လူအများအပြားသေဆုံးရခြင်းဖြစ်သည်။ မုန်တိုင်းကြောင့် လေးရက်တိုင်တိုင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ တောင်စောင်းဒေသများတွင် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။

မက္ကဆီကို တောင်ပိုင်းဒေသရှိ မြစ်များတွင် ရေလျှံမှုများဖြစ်ခဲ့ပြီး ကမ်းပါး ကျိုးပေါက်မှုများကြောင့် သေဆုံးသူဦးရေမှာ ကနဦး ခန့်မှန်းသည်ထက် နှစ်ဆတိုးလာခဲ့သည်။ ဂွာတီမာလာနိုင်ငံရှိ ဝေးလံသီခေါင်သောမြို့ငယ်များတွင် ရွှံ့နွံများအောက်၌ မြုပ်နေသော လူဒါဇင်ပေါင်းများစွာ၏ အလောင်းများကို အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေတွေ့ရှိခဲ့သည်။

ဂွာတီမာလာနိုင်ငံတွင် ဗုဒ္ဓဟူးနေ့မွန်းလွဲပိုင်းအထိ သဘာဝကပ်ဘေးဆိုက်မှုကြောင့် သေဆုံးသူဦးရေမှာ ၇၉ဦးအထိရှိကြောင်း၊သေဆုံးသူဦးရေ ထပ်မံတိုးမည်ဟုယူဆရကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဂွာတီမာလာနိုင်ငံ၏ အနောက်ဘက် ဝေးလံသီခေါင်သောဒေသတွင် လူရာနှင့်ချီ သေဆုံးဖွယ်ရှိသည်ဟုဆို၏။

ဂွာတီမာလာနိုင်ငံမြို့တော်အနောက်ဘက် ဇက်မင်န်မြို့တွင် တောင်ပြိုမှုဖြစ်ပွားခဲ့ရာ တောင်စောင်းဒေသရှိ နေအိမ်အလုံးပေါင်း ၃၀ကျော် ပျက်စီးရကြောင်း၊ ယင်းအိမ်များတွင် နေထိုင်သူများမှာ ထွက်ပြေးရန် အခွင့်အခါမသင့်သဖြင့် သေဆုံးရနိုင်ကြောင်း ဒေသခံလယ်သမားတစ်ဦးက ပြောကြားသည်။

ဒေသတွင်း၌ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေခြင်းကြောင့် မြေပြိုမှုများ ထပ်မံဖြစ်ပွားဖွယ်ရှိမှုအတွက် ကျေးရွာသူကျေးရွာသားများ စိုးရိမ်ပူပန်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ကန်တပ်ဖွဲ့ဌာနချုပ်ရုံးစိုက်ရာ အစိမ်းရောင်နယ်မြေတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးခိုးများတက်နေသည်ကို အောက်တိုဘာ ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီသီယိုးပီးယားတွင် အင်အားပြင်းငလျင်လှုပ် ပြည်သူများဘေးလွတ်ရာသို့ရွှေ့ပြောင်း

အဒစ္စအဘာဘာ အောက်တိုဘာ ၅

အီသီယိုးပီးယားနိုင်ငံတွင် မီးတောင်ပေါက်ကွဲမှုနှင့် မြေငလျင်လှုပ်ရှားမှု ကျရောက်နိုင်သော အရှေ့မြောက်ဘက်ပတ်ဝန်းကျင်ဒေသမှ ပြည်သူ ၅၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ပြီးခဲ့သော ရက်သတ္တပတ်က စီစဉ်ခဲ့ရကြောင်း အီသီယိုးပီးယားသတင်းဌာန (အီးအင်န်အေ)က အောက်တိုဘာ ၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ငလျင်လှုပ်မှုကြောင့် အာဖာပြည်နယ် အရှေ့ပိုင်း တီယူခရိုင်တွင် နေထိုင်သူများသည် ကြောက်လန့်ခဲ့ကြကြောင်း၊ အက်ကြောင်းနက်ထဲသို့ ဆိတ်၊ ကုလားအုတ်နှင့် မြည်းစသည့်တိရစ္ဆာန်ရာပေါင်းများစွာ ပြုတ်ကျပြီးသေကျေကြကြောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူး အစ္စမေလ် အာလီဆီဟိုက ပြောကြားခဲ့သည်။

ကယ်ဆယ်ရေး ကော်မတီအဖွဲ့သည် ထိုဒေသရှိ နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ ငလျင်လှုပ်မှုကြောင့် သေဆုံးသူဦးရေကို သတင်းမရရှိကြောင်း ၎င်းကဆိုသည်။

ပြင်းထန်

မြေငလျင်၏ အင်အားသည် ၅ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းထန်သော ငလျင်ဖြစ်ကြောင်း၊ အာဖာပြည်နယ်တွင် ယခင်လက မီးတောင်တစ်ခု ပေါက်ကွဲခဲ့ကြောင်း အဒစ္စအဘာဘာတက္ကသိုလ်မှ မြေငလျင်တိုင်းတာရေးပညာရှင် အာတာလာရီအာရီလီကရိုက်တာသတင်းဌာနသို့ပြောကြားခဲ့သည်။

အဒစ္စအဘာဘာမြို့ အရှေ့မြောက်မိုင် ၄၄၀ အကွာရှိ တီရူခရိုင် အာတာလီဒေသ၌ စက်တင်ဘာ ၂၀ ရက်တွင် ငလျင်လှုပ်ခြင်းနှင့် မီးတောင် ပေါက်ကွဲခြင်း ဖြစ်ပွားခဲ့သည်။ ယခင်အချိန်ကာလကတည်းက ငလျင်လှုပ်ခြင်းနှင့် မီးလောင်ပေါက်ကွဲခြင်း ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်ဟု ၎င်းက ပြောဆိုခဲ့သည်။

အီသီယိုးပီးယား တောင်ကြား၊ ပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့တို့ သုံးခုဆုံရာနေရာဖြစ်သဖြင့် ငလျင်လှုပ်မှု မကြာခဏ ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်မြို့တော်အစိမ်းရောင်ဒေသတွင် ဗုံးပေါက်ကွဲ၍ လူနှစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၅

ဘဂ္ဂဒက်မြို့တော်ရှိ အစောင့်အကြပ်အကာအရံထူထပ်စွာပြုလုပ်ထားသည့် အစိမ်းရောင်ဒေသခြံဝင်းနှင့် မော်တော်ယာဉ်တန်းတစ်ခုကို အင်္ဂါနေ့က ကားဗုံးဖောက်ခွဲသူက ဗုံးဖောက်ခွဲသဖြင့် လူနှစ်ဦးသေဆုံးပြီး လူလေးဦးဒဏ်ရာရရှိသွားကြောင်းဖြင့် အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အမေရိကန်သံရုံး၊ ဗြိတိသျှသံရုံးများနှင့် အီရတ်အစိုးရ အဆောက်အအုံရှိရာ ဖော်ပြပါ အစိမ်းရောင်ဒေသ ခြံဝင်းအတွင်း မော်တော်ယာဉ်တန်းဝင်ရောက်ရာနေရာကို ဗုံးဖောက်ခွဲသူက တိုက်ခိုက်ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ အဆိုပါ ခြံဝင်းဂိတ်ပေါက်သည် မီဒီယာသတင်းဌာနများနှင့် အခြားလူများ မကြာခဏဝင်ရောက်သွားလာရာနေရာဖြစ်သည်။အစိမ်းရောင်ဒေသခြံဝင်းအတွင်းရှိ ပထမစစ်ဆေးရေးဂိတ်တွင် မော်တော်ယာဉ်ကို ရှာဖွေမှုပြုလုပ်နေစဉ်ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများ မှာ အီရတ်ရဲတပ်ဖွဲ့ဝင်များဖြစ်ဖွယ်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မော်တော်ယာဉ်တန်း ဗုံးဖောက်ခွဲခံရ အီရတ်ရေနံဝန်ကြီး လွတ်မြောက်

ဘဂ္ဂဒက် အောက်တိုဘာ ၅

အီရတ်ရေနံဝန်ကြီး အယ်လ်-ယူလွမ်၏မော်တော်ယာဉ်တန်း လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားစဉ် ဘေးမသီရန်မခဘဲ လွတ်မြောက်ခဲ့သည်။ ၎င်းအားလုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်သည့် အစီအစဉ်ဖြစ်ဖွယ်ရှိပြီး ဘဂ္ဂဒက်မြို့တော်တွင် တနင်္လာနေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်ရာ သက်တော်စောင့်သုံးဦး သေဆုံးခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့နှင့် ရေနံဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

၎င်းဝန်ကြီးသည် ဘေဂျီမြို့တွင် ကျင်းပသည့် အခမ်းအနားတစ်ရပ် တက်ရောက်ရန် မော်တော်ယာဉ်ဖြင့်သွားစဉ် လမ်းဘေးဗုံးပေါက်ကွဲခြင်း ဖြစ်သည်ဟု ဝန်ကြီး၏ ပြောရေးဆိုခွင့်ရှိသူ အဆမ်ဂျိဟက်က ပြောကြားသည်။ ယင်းမော်တော်ယာဉ်တန်းတွင် ၎င်းပြောရေးဆိုခွင့်ရှိသူလည်း လိုက်ပါခဲ့ပြီး ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်း ကီလိုမီတာ ၁၈၀ အကွာရှိ ရေနံချက်စက်ရုံရှိရာ ဘေဂျီမြို့သို့ ဦးတည်မောင်းနှင်လာခြင်းဖြစ်သည်ဟု ၎င်းကထပ်လောင်းပြောကြားသည်။ ရေနံဝန်ကြီးသည် ကောင်းမွန်လျက်ရှိနေပြီး ၎င်း၏ ဝန်ထမ်းများနှင့် ဝန်ကြီးဌာန အစည်းအဝေးတက်ရောက်နေသည်ဟု ၎င်းကပြောကြားသည်။ သက်တော်စောင့်နှစ်ဦး သေဆုံးပြီး နှစ်ဦး ဆိုးဆိုးရွားရွား ဒဏ်ရာရရှိကာ မော်တော်ယာဉ်တန်းအတွင်းမှ မော်တော်ယာဉ်နှစ်စီး ရက်ရှ်ဒီယာခရိုင်တွင် ပျက်စီးခဲ့သည်ဟု သိရကြောင်း ဂျိဟက်ကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အနောက်ပိုင်းဒေသတွင် တိုက်ခိုက်မှုဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းဒေသတွင် တိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန် တပ်ဖွဲ့ဝင်လေးဦး တနင်္လာနေ့က သေဆုံးခဲ့ကြောင်း အမေရိကန် စစ်ဘက်က အင်္ဂါနေ့တွင် ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ် မတ်လက ဝင်ရောက်ကျူးကျော်ခဲ့ပြီးသည့်နောက် အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၉၄၀ထက်မနည်းရှိသွားပြီဖြစ်သည်။

အမေရိကန် တပ်ဖွဲ့ဝင်များက အထင်ကရ စစ်ရေးလှုပ်ရှားမှုတစ်ရပ်ကို ဆီးရီးယားနယ်စပ်အနီးရှိ ကာရာဘီလာဒေသတွင်ဆင်နွှဲခဲ့ရာမရိန်းတပ်ဖွဲ့ဝင်တစ်ဦး အိမ်လုပ်ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည်ဟု စစ်ဘက် ကြေညာချက်တွင် ဖော်ပြထားသည်။

အန်ဘာပြည်နယ် အနောက်ပိုင်းဒေသရှိ ဟက်ကလန်နီယာမြို့တွင် အိမ်လုပ်ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်ဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက အိုင်းယင်းဖတ်(သံမဏိလက်သီး) အမည်ရှိ စစ်ရေးလှုပ်ရှားမှုတစ်ရပ်ကို စနေနေ့က ပြုလုပ်ခဲ့ပြီး ဆီးရီးယားနယ်စပ်အနီးဒေသသို့ တပ်ဖွဲ့ဝင် ၁၀၀၀ ခန့်စေလွှတ်ခဲ့သည်။ ယင်းနယ်စပ်ဒေသသည် ပြည်ပမှ တိုက်ခိုက်ရေးသမား များနှင့် လက်နက်များ အီရတ်နိုင်ငံအတွင်းစီးဆင်းရာ အဓိကဝင်ပေါက်တစ်ခုဖြစ်နေသည်ဟု အမေရိကန်အစိုးရက ပြောကြားလေ့ရှိသည်။

အင်္ဂါနေ့ကလည်း အမေရိကန် စစ်ဘက်က ရေးဖားဂိတ်အမည်ရှိ စစ်ဆင်ရေးတစ်ရပ်ထပ်မံ ပြုလုပ်ခဲ့ပြီး ယူဖရေးတီးမြစ်ဝှမ်းမှ မြို့များတွင် ခိုအောင်းနေသူ တွန်းလှန်တိုက်ခိုက်ရေးသမားများကို ထိုးနှက်ခြင်းဖြစ်သည်။

အမေရိကန် ထောက်ခံအားပေးသည့် အီရတ်မှ ကာ့ဒ်နှင့်ရှီးယိုက်များ လွှမ်းမိုးသော အီရတ်အစိုးရအဖွဲ့သည် ဆက်ဒမ်ဟူစိန်လက်ထက်က မင်းမူနေခဲ့သည့် ဆွန်နီအာရပ်များ၏ တွန်းလှန်တိုက်ခိုက်မှုကို ရင်ဆိုင်ကြုံတွေ့နေရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန် နစ္စတန်နိုင်ငံ ကဘူးမြို့တော်အနီး၌ လုံခြုံရေးဆောင်ရွက်နေသော အပေါင်းပါ တပ်ဖွဲ့ဝင်နှစ်ဦးကို အောက်တိုဘာ ၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မော်ရိုကိုတွင် လေယာဉ်ပျက်ကျ၊ လေးဦးပျောက်ဆုံးလျက်ရှိ

ရာဘတ် အောက်တိုဘာ ၅

မော်ရိုကိုနိုင်ငံတောင်ပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံမှ လေယာဉ်ငယ်တစ်စင်း အင်္ဂါနေ့က ပျက်ကျခဲ့ရာ ဆွစ်ဇာလန်နိုင်ငံသား လေးဦးပျောက်ဆုံးလျက်ရှိကြောင်း လေဆိပ်အာဏာပိုင်အဖွဲ့ အိုအင်ဒီအေက ပြောကြားသည်။ အဆိုပါ လေယာဉ်သည် မာရာကက်ရှ်ဒေသမှ အိုအာဇာဇာတီဒေသသို့ပျံသန်းစဉ် အင်တီအက်တ်လတ်စ်တောင်တန်းဒေသတောင်ပိုင်းရှိ အက်ဟာရမ်ကျေးရွာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပေါ်တွင် ဆွစ်ဇာလန်နိုင်ငံသား လူငယ်လေးဦး လိုက်ပါလာကြောင်း၊ ၎င်းတို့၏ လေယာဉ်မှာ သာမန်လေယာဉ်မျှသာဖြစ်၍ တောင်များကို ထင်ထင်ရှားရှားမမြင်ရကြောင်း၊ ၎င်းတို့သည် မြင်ကွင်းကိုကြည့်ရှုပြီး စမ်းသပ်မောင်းနှင်နေကြခြင်းဖြစ်ကြောင်းအိုအင်ဒီအေပြောခွင့်ရသူနာဒီယာဘင်ဇာကူကပြောကြားသည်။

လေယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်း တစ်ဦးတစ်ယောက်မျှ လိုက်ပါခြင်းမရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗုံးခွဲသူများ ဖမ်းမိရေး ပြည်သူများကူညီရန် အင်ဒိုနီးရှားတပ်ဖွဲ့ တိုက်တွန်း

ဂျကာတာ အောက်တိုဘာ ၅

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ အောက်တိုဘာ ၁ ရက်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အကြမ်းဖက်သမားများကို နှိမ်နင်းရာတွင် ပြည်သူများက နိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့သို့ ကူညီအကြောင်းကြားကြရန် အင်ဒိုနီးရှားလက်နက်ကိုင်တပ်ဖွဲ့ (တီအင်န်အိုင်)၏ အကြီးအကဲ ဗိုလ်ချုပ်ကြီး အန်ဒရီအာကိုနိုဆူတာတိုက တိုက်တွန်းပြောကြားခဲ့ကြောင်း ဒေသတွင်း သတင်းစာက အောက်တိုဘာ ၄ ရက်တွင် ရေးသားဖော်ပြထားသည်။

မိမိဝန်းကျင်ဒေသများတွင် အကြမ်းဖက်လှုပ်ရှားမှုများအတွက် သံသယရှိပါက သတင်းပေးပို့ အကြောင်းကြားခြင်းဖြင့် ကူညီရန် ပြည်သူများကို ပန်ကြားထားကြောင်း အန်ဒရီအာတိုနိုက ပြောကြားကြောင်း ဂျကာတာပို့စ် သတင်းဌာနက သတင်းဖော်ပြခဲ့သည်။

ပြည်သူများက သတင်းပေးခြင်းများ ဆောင်ရွက်ခဲ့လျှင် အကြမ်းဖက်တိုက်ခိုက်ခံရမှုကို တာဝန်ရှိသူများက အကောင်းဆုံး ကာကွယ်သွားနိုင်မည်ဖြစ်သည်။ ပြည်သူများ၏ ပတ်ဝန်းကျင်တွင်မသင်္ကာဖွယ်ပစ္စည်းများ တွေ့ရှိပါက စစ်တပ်ဖွဲ့ရုံးများသို့ လူကိုယ်တိုင်လာရောက်၍သော် လည်းကောင်း၊ သတင်းပေးခြင်းသော်လည်း ကောင်း ဆောင်ရွက်နိုင်ကြောင်း အန်ဒရီအာတိုနိုက ဆိုသည်။ ဂျကာတာမြို့ အရှေ့ဘက် ဟာလင်ပါဒါ နာကူဆူမာလေကြောင်း အခြေစိုက်စခန်း၌ အောက်တိုဘာ ၅ ရက်တွင် ကျရောက်သော တီအင်န်အိုင် အထိမ်းအမှတ် အခမ်းအနားအတွက် အောက်တိုဘာ ၃ ရက်က ပြုလုပ်သည့် အစမ်းလေ့ကျင့်ပွဲသို့ တက်ရောက်စဉ် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့သည်။

အကြမ်းဖက် တိုက်ခိုက်မှုများတွင် အိမ်လုပ်ဗုံးများအသုံးပြု၍ အကြမ်းဖက်အုပ်စုများက လူနေထူထပ်သော နေရာများကို တိုက်ခိုက်ခဲ့သည်။ ထိုနေရာများ၌ သံသယရှိဖွယ်ရာ လှုပ်ရှားမှုများကို မြင်တွေ့သူများသည် လုံခြုံရေးတပ်ဖွဲ့များသို့ အဘယ်ကြောင့် သတင်းပေး တိုင်ကြားခြင်းမရှိသည်ကို မိမိ နားမလည်နိုင်ကြောင်း အန်ဒရီနိုအာတိုနိုက ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နယူးအော်လင်းစ် မြို့တော်ဝန်ထမ်း ၃၀၀၀ အလုပ်ဖြုတ်ခံရမည်

နယူးအော်လင်းစ် အောက်တိုဘာ ၅

ဟာရီကိန်း လေမုန်တိုင်းဒဏ် နှစ်ကြိမ်ခံခဲ့ရသည့် အမေရိကန်နိုင်ငံရှိ နယူးအော်လင်းစ်မြို့ ပြန်လည် တည်ဆောက်ရေးအတွက် ငွေကြေးအမြောက်အမြား သုံးစွဲရမည့် အခြေအနေကြောင့် မြို့တော် ဝန်ထမ်း ၃၀၀၀ ကို အလုပ်မှ ဖြုတ်ပစ်ရမည် ဖြစ်ကြောင်းဖြင့် မြို့တော်ဝန် ရေးနာဂျင်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

မိမိတို့၏ မြို့တော်ဝန်ထမ်းအချို့အား ဆက်လက် ခန့်ထားနိုင်စွမ်းမရှိကြောင်း ကြေညာရသည်မှာ များစွာဝမ်းနည်းရပါကြောင်း၊ ယင်းကိစ္စဖြေရှင်းနိုင်ရန် နည်းမျိုးစုံကို ရှာခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***



တရုတ်နိုင်ငံ တီယန်ကျင်းမြို့ရှိ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းခွင်တစ်နေရာကို အောက်တိုဘာ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အကြမ်းဖက်မှုတိုက်ဖျက်ရေး စုစည်းညီညွတ်ကြရန် အာဆီယံအား မလေးရှားဝန်ကြီး တိုက်တွန်း

ကွာလာလမ်ပူ အောက်တိုဘာ ၅

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသတွင်းတွင် အကြမ်းဖက်အုပ်စုများအား တိုက်ဖျက်နှိမ်နင်းရာ၌ ပိုမိုညီညွတ်စုစည်းမှုရှိရန် လိုအပ်ကြောင်းဖြင့် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဟာမစ်အယ်လ်ဘာက တိုက်တွန်းပြောကြားလိုက်သည်။

တစ်ကျော့ပြန် ဗုံးဖောက်ခွဲမှုဒဏ်ခံရသည့် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၏ ဖြစ်ရပ်အရ အကြမ်းဖက်အုပ်စုများနှင့် ၎င်းအုပ်စုတို့၏ ခြိမ်းခြောက်မှု အန္တရာယ်သည် ဆက်လက်ရှင်သန်မှုရှိနေသည်ကို ပြသနေကြောင်း၊ ယင်းပြဿနာအား ထိန်းချုပ်မှုမရှိပါက တည်ငြိမ်မှုအတွက် အန္တရာယ်ဖြစ်လာနိုင်ကြောင်း ဟာမစ်အယ်လ်ဘာက ဆက်လက် ပြောကြားသည်။

ယင်းဖြစ်ရပ်တွင် မလေးရှားနိုင်ငံသားတစ်ဦးတစ်လေမှ ထိခိုက်ဒဏ်ရာရရှိခြင်း သို့တည်းမဟုတ် မသေဆုံးခဲ့ခြင်းမရှိသော်ငြားလည်း မလေးရှားအစိုးရက ထိုဖြစ်ရပ်အတွက် ဝမ်းနည်းမိကြောင်းအယ်လ်ဘာက သတင်းထောက်များအား ပြောကြားသည်။

အင်ဒိုနီးရှားအနေဖြင့် ဗုံးဖောက်ခွဲမှုများအား ရုတ်ခြည်းအားဖြင့် အရေးယူမှု အစီအစဉ်များပြုလုပ်နိုင်မည်ဟု မိမိမျှော်လင့်ကြောင်း၊ မလေးရှားနိုင်ငံသားများအား ဘာလီကျွန်းသို့ အလည်အပတ်မသွားရောက်ရေး တိုက်တွန်းရန် မလေးရှားအစိုးရတွင် ရည်ရွယ်ချက်မရှိကြောင်း၊ သို့ရာတွင် ယင်းကိစ္စအပေါ် လိုအပ်သည့် ကြိုတင်ဆောင်ရွက်မှုများ ပြုလုပ်ရန် အယ်လ်ဘာက အကြံပြုသွားသည်။

ဘာလီကျွန်းတွင် စနေနေ့ညက ဗုံးပေါက်ကွဲမှုကြောင့် လူ၁၂၀ကျော် ထိခိုက်ဒဏ်ရာရရှိပြီး လူ၂၇ဦး သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန် အနောက်တောင်ပိုင်း ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွား

အစ္စလမ္မာဘတ် အောက်တိုဘာ ၅

ပါကစ္စတန်နိုင်ငံ အနောက်တောင်ဘက် ဘာလူချီစတန်ပြည်နယ်တွင် မည်သည့်အဖွဲ့အစည်းမှန်းမသိသော ဖောက်ခွဲရေးအုပ်စုကြောင့် အောက်တိုဘာ ၃ ရက်တွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်ခု ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ဘာလူချီစတန်ပြည်နယ် ကွေတာမြို့သို့ပေးပို့သော ဓာတ်ငွေ့ပိုက်လိုင်းသည် အောက်တိုဘာ ၃ ရက် အစောပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အဆိုပါဓာတ်ငွေ့ပိုက်လိုင်းပျက်စီးခဲ့ရသည်ဟု ပါကစ္စတန်နိုင်ငံပိုင် ဆူအီတောင်ဘက် ဓာတ်ငွေ့ပိုက်လိုင်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဂျီအိုပုဂ္ဂလိကရုပ်သံဌာနသို့ ပြောကြားခဲ့သည်။

ဘာလူချီစတန်ပြည်နယ်၏ အဓိကမြို့ဖြစ်သော မက်စ်တွန်မြို့ရှိ ဓာတ်ငွေ့ပိုက်လိုင်းသည် အဖျက်သမားများ ဗုံးဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့ရသည်ဟု နာဝက်ဘ်က ပြောကြားခဲ့သည်။

အဆိုပါဓာတ်ငွေ့ပိုက်လိုင်းအောက် ၁ ဒသမ ၃ မီတာအနက်တွင် ဗုံးကို မြှုပ်ထားခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောဆိုခဲ့သည်။

ပျက်စီးသွားသော ဓာတ်ငွေ့ပိုက်လိုင်းကို ပြုပြင်မှုများပြုလုပ်ရန် နည်းပညာကျွမ်းကျင်သူများအဖွဲ့များကို စေလွှတ်ခဲ့ပြီး ၂၄ နာရီအတွင်း ပြန်လည်ပြုပြင်မှုများ စတင်ဆောင်ရွက်ခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးပြည်နယ်လေးခုတွင် ပါဝင်သော ဘာလူချီစတန်ပြည်နယ်သည် ယခုနှစ် နှစ်ဦးပိုင်းမှစတင်၍ ရထားလမ်းများ၊ အစိုးရအဆောက်အအုံများ၊ ဓာတ်ငွေ့ပိုက်လိုင်းများ မကြာခဏ ဗုံးဖောက်ခွဲခြင်းနှင့် ဒုံးကျည်နှင့် ပစ်ခတ်ခြင်းတို့နှင့် ကြုံတွေ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘင်္ဂလားဒေ့ရှ် တရားရုံးအဆောက်အအုံများတွင် ဗုံးကွဲ နှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရ

ဒါကာ အောက်တိုဘာ ၅

ဘင်္ဂလားဒေ့ရှ် တရားရုံးအဆောက်အအုံသုံးခုတွင်တနင်္လာနေ့က ဗုံးပေါက်ကွဲရာ လူနှစ်ဦးသေဆုံးပြီး လူကိုးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒါကာမြို့တော် အရှေ့တောင်ပိုင်း ၁၀၆ မိုင်အကွာရှိ ချန်ပါမြို့တွင် လူတစ်ဦး ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည်ဟု ရဲဌာနမှရာရှစ်ကတယ်လီဖုန်းဖြင့် ပြောကြားသည်။ ရှေ့နေတစ်ဦးအပါအဝင် လူသုံးဦး ဒဏ်ရာရရှိခဲ့ပြီး ဗုံးသယ်ဆောင်လာသူဟု သင်္ကာမကင်းဖြစ်ရသူ နှစ်ဦးကို ဖမ်းဆီးထားသည်ဟု ၎င်းက ပြောကြားသည်။

လက်ဇ်မီပါမြို့အနီးရှိ တရားရုံးအဆောက်အအုံ၌ ဗုံးပေါက်ကွဲရာတွင် အခြားလူတစ်ဦး သေဆုံးပြီး လူခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

စစ်တကောင်းဆိပ်ကမ်းမြို့ရှိ တရားရုံးအဆောက်အအုံတစ်ခု၌ ဗုံးတစ်လုံးသို့မဟုတ် ဗုံးများပေါက်ကွဲခဲ့ကြောင်း၊ ရုတ်ခြည်းအားဖြင့် လူသေဆုံးမှု သတင်းမရရှိရသးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့က ဗုံးပေါက်ကွဲရာ နေရာများ၏ အခြေအနေများကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များက ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ဂျမား–အူ–မူဂျာဟီဒင် အစ္စလမ္မစ် ခုခံတိုက်ခိုက်ရေးအဖွဲ့၏ လက်ချက်ဟု အပြစ်ဖို့ထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နီပေါနိုင်ငံတွင် မြစ်အတွင်းသို့ ကုန်တင်ကားထိုးကျ

ခတ္တမန္ဒူ အောက်တိုဘာ ၅

နီပေါနိုင်ငံအလယ်ပိုင်းရှိ မြစ်အတွင်းသို့ အောက်တိုဘာ ၁ရက်တွင် ကုန်တင်ကားတစ်စီးထိုးကျသွားရာ အနည်းဆုံး လူခြောက်ဦး ပျောက်ဆုံးနေသည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ခတ္တမန္ဒူမြို့ အရှေ့မြောက်ဘက် ဆင်ဟူပါချောက်ဒေသ ချာကူတာဇာအရပ်တွင် ကုန်တင်ကားနှစ်စီး ခေါင်းချင်းဆိုင်တိုက်မိပြီးနောက် တစ်စီးသည် ဘိုတီကိုရှီမြစ်တွင်းသို့ ထိုးကျသွားခဲ့သည်ဟု ထိုဒေသရှိ ရဲဌာနက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ပျောက်ဆုံး

အဆိုပါကုန်တင်ကားပေါ်တွင် အိန္ဒိယနိုင်ငံ ဒါဂျီလင်ဒေသမှ လိုက်ပါလာသူ ခရီးသည်သုံးဦး၊ မည်သည့်နိုင်ငံသားမှန်းမသိရသော ခရီးသည်နှစ်ဦးနှင့် ယာဉ်မောင်းတစ်ဦးတို့ ပျောက်ဆုံးလျက်ရှိသည်။

ထိုကုန်တင်ကားသည် အဝတ်အထည်များသယ်ဆောင်လာခဲ့ပြီး ခတ္တမန္ဒူမြို့အတိုင်း မောင်းနှင်ပြေးဆွဲနေသောကားဖြစ်သည်။ အဆိုပါ ပျောက်ဆုံးနေသောလူများကိုလည်း ကယ်ဆယ်ရေးအဖွဲ့က လိုက်လံရှာဖွေလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ ဘန်ဂလိုမြို့ရှိ ဓာတ်ခွဲခန်းတစ်ခုတွင် သိပ္ပံပညာရှင်တစ်ဦး လုပ်ငန်းခွင်ဝင်နေသည်ကို အောက်တိုဘာ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဒုံးကျည် စမ်းသပ်ခြင်းဆိုင်ရာ သဘောတူညီချက် အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန် လက်မှတ်ရေးထိုး

အစ္စလမ္မာဘတ် အောက်တိုဘာ ၅

အိန္ဒိယနိုင်ငံ ကမ်းခြေစောင့်အဖွဲ့နှင့် ပါကစ္စတန်နိုင်ငံ၏ ရေကြောင်းလုံခြုံရေးအဖွဲ့ကြားတွင် ဆက်သွယ်ရေးစနစ်တစ်ခု တည်ထောင်ရန်နှင့် တိုက်ချင်းပစ်ဒုံးကျည် ကျရောက်မှုကို သိရှိရန် ကြိုတင်သတိပေးမှုဖြင့် စမ်းသပ်ပြုလုပ်ရန် ပါကစ္စတန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ အောက်တိုဘာ ၃ ရက်တွင် သဘောတူလက်မှတ်ရေးထိုးလိုက်သည်။

ကြိုတင်သတိပေး

တိုက်ချင်းပစ်ဒုံးကျည် ကျရောက်မှုကိုသိရှိရန် ကြိုတင်သတိပေးချက် စမ်းသပ်မှု ပြုလုပ်ရန်အတွက် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရစ်ဇ်အမ်ချစ်မက်ဒ်ခန်နှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး ရှုရမ်ဆာရန်တို့ သဘောတူလက်မှတ်ရေးထိုး ကြသည်။

အိန္ဒိယနိုင်ငံ ကမ်းခြေစောင့်အဖွဲ့နှင့်ပါကစ္စတန်ရေကြောင်းလုံခြုံရေးအဖွဲ့ကြား ဆက်သွယ်ရေးစနစ်တစ်ခု ထူထောင်ရန်အတွက် အိန္ဒိယနိုင်ငံ ကမ်းခြေစောင့်အဖွဲ့ ညွှန်ကြားရေးမှူး အာ၊ ကေ၊ ဆင်နှင့် ပါကစ္စတန်နိုင်ငံ ကမ်းခြေစောင့်အဖွဲ့ ညွှန်ကြားရေးမှူးတို့ကလည်း လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

✳ သွေးလွန်တုပ်ကွေးမှ

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု၊ ကာကွယ်တားဆီးရေး လုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်းကာ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ် တားဆီးနှိမ်နင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေး ကာကွယ်တားဆီး နှိမ်နင်းရေးနှင့် အခြားကူးစက်ရောဂါများ မဖြစ်ပွားစေရန် ပြည်သူများက မိမိနေအိမ်နှင့် ဝန်းကျင်တို့၌ အစဉ်အမြဲ သန့်ရှင်းသပ်ရပ်မှုရှိအောင် ဆောင်ရွက်ရေး၊ တစ်နှစ်ပတ်လုံး ရေနုတ်မြောင်းများ ရေမဝပ်စေဘဲ ရေစီးရေလာကောင်းမွန်၍ ရေပုပ်ရေဆိုးများ ကင်းစင်စေရန် စနစ်တကျဖြင့် ထိရောက်စွာ လုပ်ဆောင်ရေး၊ အသိပညာပေးခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးမှာကြားကြသည်။

ရှင်းနှီးစွာနှုတ်ဆက်အားပေး

ယင်းနောက် မြို့နယ်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးမြောက်ရပ်ကွက် အထက်မန္တလေး လမ်းသွယ် (၃)လမ်း၊ (၂)လမ်းနှင့် (၁)လမ်းတို့၌ ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်း၊ နေအိမ်များအတွင်း ဆေးမှုတ်ခြင်း၊ ရေတွင်းရေကန်များအတွင်း ABADE ဆေးများခတ်ခြင်း၊ လောက်လမ်းစား တီလားဗီးယားငါးများ ထည့်သွင်းမွေးမြူပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်ကျင့်သုံးရေး ပညာပေးသရုပ်ပြသခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးကြပြီး ရပ်ကွက်ပြည်သူများအား ရှင်းနှီးစွာနှုတ်ဆက်အားပေးကြသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်မှုများကို ရန်ကုန်မြောက်ပိုင်းခရိုင်၌ မင်္ဂလာဒုံမြို့နယ်နှင့် အင်းစိန်မြို့နယ်၊ ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်နှင့် ရန်ကုန်အရှေ့ပိုင်း ခရိုင်၌ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့တွင်လည်း တစ်ပြိုင်တည်း ကျင်းပကြသည်။ (သတင်းစဉ်)

ကျောက်စိမ်းအရိုင်းတွဲ

၂၀၀၅ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ခင်းကျင်း ပြသထားသော ကျောက်စိမ်းအရိုင်းတွဲ အမှတ်(၁၇၀၄)ကို တွေ့ရစဉ်။

(ကြေးမုံ)

● ၂၀၀၅ မှ

ကြည့်ရှုလေ့လာခြင်းနှင့် တင်ဒါစနစ်ဖြင့် ရောင်းချမည့်ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းဈေးပြိုင် အဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများ၌ ထည့်သွင်းကြမည်ဖြစ်သည်။

ရောင်းချသွားမည်

ရွေးဦးစွာ ပုလဲအတွဲများကို အောက်တိုဘာ ၈ ရက်တွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်လည်းကောင်း၊ အောက်တိုဘာ ၉၊ ၁၀ ရက်တို့တွင် ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်လည်းကောင်း၊ အောက်တိုဘာ ၁၁၊ ၁၂၊ ၁၃၊ ၁၄ ရက်တို့တွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်လည်းကောင်း အသီးသီးရောင်းချသွားမည် ဖြစ်သည်။ (သတင်းစဉ်)

မကွေးဥပစာကောလိပ် အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၆

မကွေးဥပစာကောလိပ် (၁၉၅၈-၁၉၆၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် မြန်မာ့သစ်လုပ်ငန်း မွှာရုံ၌ကျင်းပမည်ဖြစ်ရာ တက်ရောက် ပူဇော်ကန်တော့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မြတ်ဆရာဘွဲ့ ထုတိသြဘာမင်္ဂလာ ကေပိုဒ်ရတု

"ပဉ္စဂုဏံ၊ အပဟံဝန္ဒာမိသဗ္ဗဒါ"
ဓမ္မဒီပါ၊ ပြည်မြန်မာဝယ်၊ တေဇာဖြိုးလျှံ၊ မျိုးချစ်မှန်သည့်
ကျင့်ကြံကြိုးစား၊ ဆရာများသည်၊ ငါးပါးဂုဏ်ရှင်၊ ကမ္ဘည်းတင်ရှင့်
ဂိုဏ်းဝင်အနန္တ၊ ခဝပ်ဖျလျက်၊ အာစရိယဂုဏော၊ အနန္တောဟု
ဟောဖော်ညွှန်ပြ၊ ဂုဏ်တင်ကြ၍၊ ဦးချရိုသေ၊ လေးစားပေရှင့်
စေတနာမှန်၊ ကျင့်ထိုက်တန်လျက်၊ မြဲမြဲအားမွေး၊ ပညာပေးခဲ့
ရင်သွေးပမာ၊ ကရုဏာနှင့် မေတ္တာကြီးမား၊ ဘေးရန်များကို
တားဆီးကာကွယ်၊ တပည့်ငယ်ကို၊ ရည်ရွယ်ချက်မှန်၊ ကျင့်ပွားကြံအောင်
မျိုးမာန်တက်ကြွ၊ ဖွဲ့လုံ့လနှင့်၊ မြန်မာ့ရင်သွေး၊ ပျိုးထောင်ပေးသား
ကျေးဇူးကြီးစွာ၊ ဝါသနာနှင့်၊ ပညာဆီမီး၊ ထိန်ထိန်ညီးရန်
ဦးစီးရှေ့ဆောင်၊ ဤလူ့ဘောင်ဝယ်၊ စွမ်းဆောင်နိုင်သူ၊ အောင်လံထူသား
ဖြူနီပြာဝါ၊ ပန်းမာလာတို့၊ ဝေဆာမြူးဝင့်၊ ငွါးငွါးစွင့်အောင်
ဖူးပွင့်ကြည်နူး၊ ဥယျာဉ်မှူးသို့၊ ထူးတင့်ဆန်းကြယ်၊ သိဉာဏ်ကြွယ်၍
ပွဲလယ်တင့်စေ၊ သင်သွန်ပေရှင့်၊ မိမြေပြည်သစ်၊ အမြင်သစ်နှင့်
ခေတ်သစ်တည်ကာ၊ ဗိသုကာမို့၊ အနာဂတ်လူ့ဘောင်၊ ပုံဖော်ဆောင်လျက်
အောင်မြင်ကြံ့ခိုင်၊ လုံ့လပြိုင်၍၊ မဏ္ဍိုင်လေးချက်၊ ထမ်းဆောင်ရွက်ရှင့်
ထက်မြက်မိဋ္ဌာန်၊ နစ်နာခံလျက်၊ ဖိုးတန်"အိုး"လှ၊ ဖန်တီးကြသည့်
အလှမြတ်နိုး၊ သယ်ဆောင်ပိုးသည့်၊ "အိုးထိန်းသည်ပမာ"၊ မြတ်ဆရာသည်
ဇာတိပုည၊ ဂုဏ်မာနနှင့်၊ ကမ္ဘာ့ဆင့်မီ၊ ဒို့မြန်ပြည်ဟု
ဉာဏ်ရည်ကြွယ်ဝ၊ ဘက်စုံလှအောင်၊ သိပ္ပံဝိဇ္ဇာ၊ နည်းပညာနှင့်
ဖွေရှာနည်းစု၊ ကျိုးကြောင်းပြုလျက်၊ လူ့အရင်းအမြစ်၊ မျိုးဆက်သစ်ကို
ဖွင့်လှစ်သင်ကြား၊ စဉ်တိုးပွားအောင်၊ မွေးဖွားသန့်စင်၊ ဂုဏ်ရောင်တင်ခဲ့
ဂုဏ်အင်ကြီးမား၊ ပီတိစားသည့်၊ စွမ်းအားဝေဖြာ၊ မြတ်ဆရာကို
ဆယ်ဖြာလက်မိုး၊ ဦးညွှတ်ကျိုးလျက်၊ ရှိခိုးပူဇော်၊ ကျေးဇူးတော်ကို
ရည်မျှော်မှန်းဆ၊ မှန်းမျှော်တလျက်၊ ဦးချခါခါ၊ ကြီးမြတ်စွာဖြင့်၊ ဓေယျာအောင်ဟိတ်
အောင်နိမိတ်နှင့်၊ အောင်တိတ်ဆင်ကာ၊ ပူဇော်ပါသည်
ဂုဏ်ဝါနေသို့ လင်းစေသောဝ်။ ။
ပညာရွှေသို့ ဝင်းစေသောဝ်။ ။
ကမ္ဘာမြေသို့ သင်းစေသောဝ်။ ။

(ကမ္ဘာ့ဆရာများနေ့နှင့် အာစရိယပူဇော်ပွဲများကို ဂုဏ်ပြုလျက်...)

ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင်

ကလေးဆေးရုံကြီးသို့ အောက်စီဂျင်ပေးစက်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်ကလေးဆေးရုံကြီး ဆေးကုသဆောင် (၃) တွင် အသုံးပြုရန်အတွက် ဦးထွန်းအောင်မြင့်-ဒေါက်တာယဉ်ယဉ်မြတို့၏မြေး၊ ဦးစောလှမိုး-ဒေါ်နော်လားစေးဝါးတို့၏သမီး နော်ဖူးဖူးအယ်၏ တစ်နှစ်ပြည့် မွေးနေ့အလှူအဖြစ် ငွေကျပ် ၁၇၄၈၅၀၀ တန်ဖိုးရှိ အောက်စီဂျင်ပေးစက် တစ်လုံးကို အောက်တိုဘာ ၆ ရက်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်က လက်ခံရယူသည်။

(အောက်ပုံ) (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၁၀-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ မြန်မာ့မီးရထားစွမ်းအားကျောက်ရေတွင်းခုံးကျော်တံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၀၀ ၁။ ၂၀၀၅ ခုနှစ်(၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက်တပ်မတော် (ကြည်း၊ ရေ၊လေ)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ပထမအကြိုဗိုလ်လုပွဲ)
၅:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၄၅ ၄။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ပညာရှင်အဆင့်) (အမျိုးသမီး)**
၆:၀၀ ၅။ သုတစုံလင်ရွှေဉာဏ်ရှင်
၆:၃၀ ၆။ ညနေခင်းသတင်း
၇:၀၀ ၇။ မိုးလေဝသအခြေအနေ
၇:၀၅ ၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝက်ပါ" (အပိုင်း-၂၄)**
၇:၃၅ ၉။ **နှောင်းခေတ်တေးပဒေသာ**
၈:၀၀ ၁၀။ ပြည်တွင်းသတင်း
၁၁။ နိုင်ငံတကာသတင်းများ
၁၂။ မိုးလေဝသအခြေအနေ
၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မခွဲအတူ" (အပိုင်း-၁၈)**
၁၄။ နောက်တစ်နေ့အစီအစဉ်
၁၅။ အစီအစဉ်ပြီး၏။

စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး အမှတ်(၂) စက်မှုဝန်ကြီးဌာနတွင် ရှင်းလင်းပြသပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၆

အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်းတွင် ထုတ်လုပ်နိုင်ရေး ရှင်းလင်းပြသပွဲအခမ်းအနားကို ယနေ့ နံနက် ၆နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနား သို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး သူရဦးသောင်းလွင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စက်မှုပညာရှင်များ၊ ကျွမ်းကျင်သူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ရှင်းလင်းပွဲအခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်တွင်း၌ သံရည်ကျို၊ စက်ခုတ်စား၊ ပုံထောင်း၊ ပုံဖိ၊ အပူပေးအမာတင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် အရှိန်ရလာနေပြီဖြစ်သည့်အပြင် Mould&Die လုပ်ငန်း၊ CNC တွင်ခုံစက်များ အသုံးပြု၍ အနုစိတ် စက်ခုတ်စားမှုများ၊ ရော်ဘာ စက်အရန်ပစ္စည်းများကို တစ်စတစ်စ အရည်အသွေးမီ ထုတ်လုပ်နိုင်မှု၊ ရော်ဘာ အခြေခံကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ ပြည်တွင်း အီလက်ထရွန်းနစ် နည်းပညာများ တိုးတက်လာမှု စသည်များ ဖြစ်ထွန်းပေါ်ပေါက်လာပြီဖြစ်၍ ယင်းတို့အပေါ် ချိတ်ဆက်အခြေပြုကာ ဝန်ကြီးဌာန အသီးသီးမှ လိုအပ်သော စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများကို ပြည်တွင်း၌ နည်းလမ်းရှာ ထုတ်လုပ်သွားနိုင်ရေး ကြိုးပမ်းရန်ဖြစ်ကြောင်း။

ထို့သို့ ကြိုးပမ်းတီထွင်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအသီးသီးမှ ပညာရှင်များ၊ ကျွမ်းကျင်သူများ၏ အတွေ့အကြုံနှင့် ပညာပိုင်းဆိုင်ရာများ၊ သုတေသန လုပ်ငန်းများမှ ပညာရှင်များ၏ လေ့လာတွေ့ရှိချက်များနှင့် ဆက်စပ်ပေးမှု၊ နည်းပညာတက္ကသိုလ် အပါဝင် တက္ကသိုလ်များမှ ပညာရှင်များ၏ အကူအညီ၊ စက်မှုဇုန် အသီးသီးမှ လုပ်ငန်းရှင်များအပါဝင် ပြည်တွင်း လုပ်ငန်းရှင်များ၏ တီထွင်ကြံဆ ဆောင်ရွက်မှု အတွေ့အကြုံများကို ဆက်စပ်ညှိနှိုင်းသည့် ပြပွဲလည်း ဖြစ်ကြောင်း။

ခင်းကျင်းပြသထား

ခင်းကျင်းပြသမှုအပိုင်းတွင် မိမိဝန်ကြီး ဌာန၊ လုပ်ငန်း၊ စက်ရုံများအတွက် ထုတ်လုပ်ခဲ့သည့် စက်အရန်ပစ္စည်းများ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ အခြားဝန်ကြီးဌာန လုပ်ငန်း၊ စက်ရုံများနှင့် ပုဂ္ဂလိကစက်ရုံများ အတွက် ထုတ်လုပ်ပေးခဲ့သည့် စက်အရန်ပစ္စည်းများ၊ မိမိဝန်ကြီးဌာန လုပ်ငန်း၊ စက်ရုံများမှ လိုအပ်သော စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများအဖြစ် သုံးပိုင်းခင်းကျင်း ပြသထားကြောင်း။

အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် မိမိစက်ရုံ၊ လုပ်ငန်းများအတွက် စက်ပစ္စည်းများ ထုတ်လုပ်တပ်ဆင် လည်ပတ်နေသည့် လုပ်ငန်းသည် ပုံမှန်လုပ်ငန်းဖြစ်ကြောင်း၊ စက်အရန်ပစ္စည်းများကို မိမိဘာသာပုံစံထုတ်လုပ်ပြီး လိုအပ်သည့် ကုန်ကြမ်းအရ ထုတ်လုပ်တပ်ဆင်ခဲ့မှုကြောင့် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ကျော်ကတည်းက အသုံးပြုခဲ့သည့် စက်များသည် ယနေ့အထိ အသုံးပြုလည်ပတ်နေခြင်း ဖြစ်ကြောင်း။

ထုတ်လုပ်ပေးနိုင်

ဤဝန်ကြီးဌာနအနေဖြင့် မိမိစက်ရုံများအတွက်သာမက အခြားဝန်ကြီးဌာန အသီးသီး၏ စက်ရုံများအတွက် စက်အရန်ပစ္စည်းများ အပ်နှံလာသည့်အတွက် စက်အရန်ပစ္စည်းများ ထုတ်ပေးနိုင်ခဲ့ကြောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ကြံခင်းဘိလပ်မြေစက်ရုံ၊ ကျောက်ဆည် ဘိလပ်မြေစက်ရုံအတွက် စက်အရန်ပစ္စည်းများ၊ စွမ်းအင်ဝန်ကြီးဌာန၏ ကျော်စွာနှင့် စလေ ဓာတ်မြေဩဇာစက်ရုံအတွက် စက်အရန်ပစ္စည်းများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအတွက် ရော်ဘာဖြင့် ပြုလုပ်သည့် Water Stopper များ၊ ပုဂ္ဂလိက စက်ရုံ ၂၈ရုံအတွက် စက်အစိတ်အပိုင်းများ ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း။

အခြားဝန်ကြီးဌာနများ အတွက် လိုအပ်သည့် စက်အရန်ပစ္စည်းများကို ထုတ်လုပ်ပေးခဲ့သည်မှာ နှစ်အဆက်ဆက်ကြာမြင့်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ် စက်တင်ဘာလအထိ အခြားဝန်ကြီးဌာန လေးခုနှင့် ပုဂ္ဂလိကစက်ရုံများအတွက် စက်ပစ္စည်း အစိတ်အပိုင်းအရေအတွက် ၅၀၈၂ ခု၊ တန်ဖိုးကျပ် ၄၇၃သမ၅ သန်းဖိုး ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း။

ယခုခင်းကျင်းပြသထားသည့် စက်အရန်ပစ္စည်းများထဲ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနအတွက် လိုအပ်သည့် စက်အရန်ပစ္စည်းများဖြစ်သည့် Electrical and Electronic ပစ္စည်းများ၊ Hydraulic Parts များ၊ Meter and Measuring Ganges များနှင့် အခြားပစ္စည်းများ ခင်းကျင်းပြထားကြောင်း၊ ယနေ့ပြပွဲသို့ တက်ရောက်လာကြသည့် ပညာရှင်များအနေဖြင့် ပြသထားသည့် ပစ္စည်းများ ကြည့်ရှုလေ့လာပြီး ထုတ်လုပ်နိုင်မည့်ပစ္စည်းများကို ရွေးချယ်၍ သက်ဆိုင်ရာလုပ်ငန်း၊ စက်ရုံများမှ အင်ဂျင်နီယာများနှင့် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ ဝန်ကြီးဌာန အသီးသီးမှ ခင်းကျင်းပြသသည့် စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများကို ကြည့်ရှုလေ့လာပြီး မိမိဝန်ကြီးဌာနမှ ထုတ်လုပ်ပေးနိုင်သည့် အစိတ်အပိုင်းများကို ထုတ်လုပ်ပေးသွားမည်ဖြစ်သကဲ့သို့ အခြားဝန်ကြီးဌာနမှ ပညာရှင်များနှင့် ပြင်ပမှ ပညာရှင်များကလည်း အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ လိုအပ်သည့် စက်အစိတ်အပိုင်းများကို ကြိုးပမ်းထုတ်လုပ်ပေးသွားရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်းတွင် ထုတ်လုပ်နိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားပြီးတွင် တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုပညာရှင်များ၊ ကျွမ်းကျင်သူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဧည့်သည်တော်များသည် အစည်းအဝေး ခန်းမနှင့် ရုံးဝင်းအတွင်း၌ ခင်းကျင်းပြသထားသော အမှတ်(၂) စက်မှုဝန်ကြီးဌာနက အခြားဝန်ကြီးဌာန လုပ်ငန်း၊ စက်ရုံများနှင့် ပုဂ္ဂလိက စက်ရုံများအတွက် ထုတ်လုပ်ပေးခဲ့သည့် စက်အရန်ပစ္စည်း အမျိုးပေါင်း ၁၈၀ ကျော်နှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနလုပ်ငန်း စက်ရုံများအတွက် လိုအပ်သော စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ၂၈၅ မျိုးတို့ကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

(သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်းတွင် ထုတ်လုပ်နိုင်ရေး ရှင်းလင်းပြသပွဲ အခမ်းအနားတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ရှင်းလင်းပြသပွဲ အခမ်းအနားတွင် ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုပညာရှင်များ၊ ကျွမ်းကျင်သူများ၊ စက်မှု လုပ်ငန်းရှင်များနှင့် ဧည့်သည်များ ခင်းကျင်းပြသထားသော စက်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီး ရွှေသင်္ကန်း ဆက်ကပ်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၆

အင်းစိန်မြို့နယ် တောင်သုကုန်းရပ်ကွက် ဘိုကုန်းဇေယျသိဒ္ဓိ မဟာသံ့သာရ ဘုရားကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီးအား နှစ်စဉ်ကျင်းပမြဲ ရွှေသင်္ကန်းဆက်ကပ်ပွဲကို ကျောင်းတိုက် ပဓာန နာယက ပထမကျော် ဓမ္မာစရိယ ဘီအက်စီ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုမာရက ကြီးမှူး၍ သီတင်းကျွတ်လဆန်း ၈ရက်မှ ၁၃ရက် (အောက်တိုဘာ ၁၀ရက်မှ ၁၅ရက်) အထိ အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြရန်နှင့် အနေကဇာတင်ပွဲ၊ ရေစက်ချပွဲ အခမ်း အနားကို သီတင်းကျွတ်လပြည့် နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သဖြင့် အလှူရှင်များ ကြွရောက်ကြရန် နှိုးဆော်ထားသည်။

(က-ပ)

မူဆယ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က အကျယ် ၁၆ ပေ၊ အရှည် ၁၆ ပေရှိ မန့်မိုင့်ကျေးရွာသွားလမ်းပေါ်ရှိ အုတ်ခုံတံတားကို အဖွဲ့ ရန်ပုံငွေကျပ် ၃၅ သိန်းဖြင့် တည်ဆောက်လျက်ရှိရာ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့ စက်တင်ဘာ ၁၇ ရက် နံနက်တွင် တံတားတည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ သွားရောက် ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၁၀-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၂၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
  - **- Fiscal Aspects of Public Finance.(တတိယနှစ်- စီးပွားရေးပညာအထူးပြု)**
- ၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပျံသာပျံပါထက်အာကာ" (အပိုင်း-၁၄)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေဆန်ဓား" (အပိုင်း-၁၁)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

လူပီသတဲ့လူဆိုရင် သေးငယ်တဲ့သိက္ခာ

(ယမန်နေ့ကအဆက်)

ဩဘ်–မြန်မာနိုင်ငံအပေါ် တစ်ဖက်စောင်းနင်း စွပ်စွဲပြောဆိုချက်များကလဲ များလိုက်တာ ရှင်းလင်းတင်ပြစရာ မလိုလောက်အောင်ကို အခြောက်တိုက် ချောက်တွန်းနေတာများ သိသာလိုက်တာ။ လူတွေကို နေရာရွှေ့ပစ်တယ်ဆိုတာမျိုးက နိုင်ငံတိုင်းမှာ ဖြစ်ပေါ်ခဲ့တာပါပဲ။ တည်ဆောက်ပြုပြင်နေတဲ့ ကာလမှာ အများစုအတွက် ပိုမိုကောင်းမွန်တဲ့အကျိုးစီးပွားဖြစ်စေမယ်ဆိုရင် စိုက်ပျိုးတဲ့နေရာ၊ လူနေတဲ့ရွာများကိုသိမ်းပြီး ဆောက်လုပ်သင့်တဲ့ အဆောက်အအုံများ၊ ရေကာတာများ၊ မြစ်ကူးတံတားများကို တည်ဆောက်ရပါတယ်။ နေရာရွှေ့ပစ်တဲ့သူတွေကိုလဲ ပြန်လည်နေရာချထားပေးတာပါပဲ။ နေတတ်စားတတ်၊ ကြိုးစားပြီး အလုပ်လုပ်တတ်တဲ့ သူများကတော့ ဘယ်ရောက်ရောက် ပစ်တိုင်းထောင်ပါပဲ။ အလုပ်ကိုခါးချိုးပြီး အချိုးကျကျ မလုပ်တတ်တဲ့သူများကတော့ ဘယ်နေရာသွားပြီး ဘယ်သူ့ထံမှာ ကပ်ရပ်စားသောက်ရမလဲလို့ လမ်းမှားကို တွေးတော့တာပါပဲ။

၁၉၇၅ ခုနှစ် ဝန်းကျင်လောက်က ထင်ပါတယ်။ ဂျပန်နိုင်ငံမှာ နာရီတာဆိုတဲ့ လေဆိပ်တည်ဆောက်ဖို့အတွက် စိုက်ပျိုးမြေတွေကို သိမ်းခဲ့ကြပါတယ်။ လယ်သမားများကလဲ လေဆိပ်တည်ဆောက်နေတဲ့ အချိန်တစ်ချိန်လုံးမှာ ပြင်းပြင်းထန်ထန် ဆန္ဒပြခဲ့ကြတာပါပဲ။ လေယာဉ်ကွင်းပြီးတော့လဲ လေယာဉ်ကွင်းဧရိယာအနံ့ လူတွေလှဲအိပ်ပြီး ဆန္ဒပြခဲ့ကြတာပါပဲ။ နောက်တော့ရော ဘာဖြစ်သွားလဲ၊ ဆန္ဒပြတဲ့သူများကို အင်အားသုံးပြီး ဖယ်ရှားရတာပါပဲ။ အဲသည်လိုနဲ့ နာရီတာလေဆိပ်ကိုလဲ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အများအကျိုးအတွက် လမ်းဖောက်တယ်၊ အိမ်ရာတွေ ဖျက်ပစ်ရတယ်။ ဒါပေမယ့် လမ်းကြီးလဲ ကောင်းသွားရော အများပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရပါတယ်။ ကုန်စည်စီးဆင်းမှု မြန်ဆန်လာပါတယ်။ အဲသည်လို ကိစ္စတွေကတော့ နိုင်ငံတကာမှာ ဖြစ်မြဲပါပဲ၊ အပြစ်ပြောစရာမရှိတာကို ဆီလိုအပေါက်ရှာရှာပြီး ပြောနေတာကို ရှက်တတ်ရင် ရပ်သင့်ပါပြီ။ တူးတူးတို့က တစ်ခုကိုငြင်းဆိုရင် နောက်တစ်ခုနဲ့ငြိအောင် တစ်ခုပြီး တစ်ခုပြောနေတော့တာပါပဲ။

Burma is unique ဆိုတဲ့ စကားတစ်ခွန်းကို ရှေ့ကခံပြီး လူ့အခွင့်အရေးကို ကျူးလွန် ဖောက်ဖျက်မှုလုပ်တယ်လို့ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံကိုသာ **Unique** လုပ်မနေနဲ့ဦးလေ။ ကမ္ဘာ့ကုလသမဂ္ဂက ခွင့်ပြုချက်မပေးဘဲ အီရတ်ကလူတွေကို ကယ်တင်ချင်ပါတယ်ဆိုတဲ့ အနှစ်မပါတဲ့ အကြောင်းပြချက်ကိုသုံးပြီး ဝင်တိုက်လိုက်ကြတဲ့အခါ **Unique** ဖြစ်လိုက်ကြတဲ့ နိုင်ငံကြီးသားတပ်ဖွဲ့ဝင်တွေ အဘူဂါရိတ်မှာ လုပ်ခဲ့ကြတာတွေလေ။ လူတွေကိုဖမ်းပြီး ကျူးဘားကျွန်းက အကျဉ်းထောင်မှာချုပ်ထားပါတယ်။ သို့ပေမယ့် တရားစွဲဆိုခြင်းလဲမပြုဘဲထားလို့ အပြစ်ရှိ မရှိတောင်မှ မသိနိုင်ပါဘူး။ ထောင်ထဲမှာ စွဲချက်မတင်သင့်တဲ့သူတွေလဲ အများကြီးရှိမှာပေါ့။ အသားမည်းပြီး အရှေ့အလယ်ပိုင်းမှာနေရင် အဖမ်းခံထိုက်တယ်ဆိုတဲ့ သီအိုရီကို လက်ခံထားတယ်ထင် ပါတယ်။ ပြင်းထန်တဲ့ ရာသီဥတုကိုခံရင်း လေးလံတဲ့သံခြေချင်းတွေနဲ့ ဆိုင်းထားတာကို ခံနေရတဲ့ ကျူးဘားကျွန်းအကျဉ်းစခန်းက လူတွေအတွက်ရော ပြောကြဖို့မလိုဘူးလား။ အဖမ်းခံရတဲ့လူတိုင်းဟာ အကြမ်းဖက်သမားလို့ မပြောနိုင်ပါဘူး။ တကယ်လို့ လူ့အခွင့်အရေးကိုသာ သေသေချာချာ စောင့်ရှောက်တတ်ရင် အပြစ်မဲ့တဲ့သူများကို ပေယျာလကန်လုပ်ထားတာ လူကောင်းတွေရဲ့ အလုပ်မဟုတ်ဘူးဆိုတာကို သိရမှာပါ။

မြန်မာနိုင်ငံမှာ နိုင်ငံရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ပြောရေးဆိုခွင့်မရှိဘူး။ နိုင်ငံရေးသမားများကို အမြဲတစေနှောင့်ယှက်တယ်၊ ညှဉ်းပန်းတယ်၊ သတ်ဖြတ်တယ်ဆိုတာကတော့ မဟုတ်တမ်းတရမ်းတွေကို လေသံကြားနဲ့ ဖမ်းတရားနာရင်း ရေးတဲ့စာတွေဖြစ်ပါတယ်။ တကယ်တော့ မြန်မာနိုင်ငံမှာ ကိုယ်ယုံကြည်ရာကို စည်းကမ်းဘောင်အတွင်းက ကိုယ်လုပ်နိုင်ခွင့် ရှိပါတယ်။ အများပြည်သူတို့ကို ချောက်ချောက်ချားချား ဖြစ်အောင်တော့ မလုံ့ဆော်နဲ့လေ။ ဆူပူမှုတွေဖြစ်ပွားအောင် မလုပ်နဲ့လေ။ အဲဒီလို အမှုကိစ္စတွေကို ဘယ်လိုနိုင်ငံကမှ သည်းခံမှာမဟုတ်ပါဘူး။

ဩဘ်–နိုင်ငံရေးသမားတွေကို အမြဲတစေနှောင့်ယှက်တယ်၊ ညှဉ်းပန်းတယ်ဆိုလို့ အနောက်နိုင်ငံကြီးတွေမှာ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အဆောက်အအုံများကို ပိတ်တာ၊ အဲဒီသာသနာရေးဆိုင်ရာ ငွေတွေကိုထုတ်ယူခွင့်မပေးတာ၊ မယုံသင်္ကာဖြစ်ပြီး အဖမ်းခံရတာတွေရော တူးတူးတို့က ဘာမှမပြောဘူးလား။ တကယ်တော့ ဗြိတိန်မှာ မွေးပြီးဗြိတိန်မှာလူလားမြောက်လာတဲ့ ဘာသာခြား လူငယ်များရဲ့ဘဝဟာ တယ်ပြီး မလွယ်ပါဘူး။ သူတို့ဟာ အကြမ်းဖက်သမား ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ အခွင့်အရေး တင်းပြည့်ကျပ်ပြည့် မရတာကတော့ သေချာပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံရေးသမားများဟာ သူတို့ဘာသာသူတို့ နေထိုင်လုပ်ကိုင်ပြီး ပြောချင်ရာကို ပြောနေတာပါပဲ။ တယ်လီဖုန်းနဲ့ ဆက်သွယ်ပြီး မေးကြမြန်းကြဖြေကြနဲ့ နေတာပါပဲ။ စည်းနဲ့ဘောင်နဲ့ ပြောကြဆိုကြတာကို အာဏာပိုင်များက ဘာမှမပြောကြပါဘူး။ တစ်ခုတော့ရှိပါတယ်။ ဘယ်နိုင်ငံမှာမဆို မိမိကိုယ်ကို ဟုတ်လှပြီလို့ ထင်နေတဲ့သူများကတော့ စကားက ကားတတ်ပါတယ်။ ကားနေတဲ့ စကားကို ချဲ့ထွင်ပြောရင်တော့ နယ်နိမိတ်သတ်လို့မရဘဲ ဖြစ်သွားမှာပါပဲ။

ကလေးစစ်သားစွပ်စွဲမှုကိစ္စနှင့် ပတ်သက်ပြီး ပြောစရာရှိပါသေးတယ်။ မြန်မာနိုင်ငံ စစ်သားစုဆောင်းရေးနဲ့ပတ်သက်တဲ့ စည်းမျဉ်းဥပဒေမှာ အသက်(၁၆)နှစ်ပြည့်ပြီးမှ စစ်တပ်တွင်းကိုဝင်ဖို့ လက်ခံပါတယ်။ မိဘက သဘောတူရပါမယ်။ရပ်ကွက်လူကြီးရဲ့ထောက်ခံချက်ပါရပါမယ်။ ရဲစခန်းရဲ့ထောက်ခံချက် ပါရပါမယ်။ အဲသည်လို စည်းမျဉ်းစည်းကမ်းအရ ကလေးစစ်သားဆိုတာ မရှိနိုင်ပါဘူး။ ကျွန်မတို့ လူငယ်စောင့်ရှောက်ရေး သင်တန်းကျောင်းများမှာတော့ တစ်ခါက ကလေးစစ်သားဖြစ်ဖူးတဲ့ သူကလေးများ ရှိနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘိန်းဘုရင်တွေကြီးစိုးတဲ့ မြေအောက်အဖွဲ့အစည်းများကို ဖြိုတိုင်းဖြိုတိုင်း ကလေးငယ်များကို ရွာတွေကနေ လားနဲ့တင်ပြီးခေါ်လာကာ သူတို့ရဲ့တပ်သားအဖြစ် လေ့ကျင့်ပေးဖို့ မွေးထားတာတွေကို တပ်မတော်က ကယ်တင်ခဲ့ကြရပါတယ်။ အိမ်ကိုပြန်ပို့ဖို့ဆိုတာကလဲ ဘယ်ရွာကလာပါတယ်လို့ မပြောတတ်ကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စကားတောင်မှ ကောင်းကောင်း မပြောတတ်သေးခင်ကတည်းက ရွာတကာက ခေါ်လာတာကို ခံရတဲ့ ကလေးတွေဖြစ်နေလို့ပါပဲ။

တူးတူးတို့စာတမ်းထဲမှာ ပါချေသေးတဲ့စကားက ကလေးနှစ်ယောက်ဟာ ထိုင်းနိုင်ငံဘက်ကို ပြေးလာတယ်တဲ့။ သူတို့ကို ကလေးစစ်သားများအဖြစ် အမှုထမ်းစေတဲ့အတွက် တပ်ထဲကပြေးလာတာပါလို့ ပြောပါတယ်တဲ့။ ကလေးစစ်သားဆိုတာ မွေးကတည်းက အမှတ်ကလေးပါတာမှ မဟုတ်တာ။ ပြည်ပြေးစခန်းများမှာ ဝင်ရောက် နေထိုင်ချင်လို့ မုသားစကားကို ပြောတာရော မဖြစ်နိုင်ဘူးလားလို့ မေးချင်ပါတယ်။

ကျွန်မတို့ မြန်မာများထဲက မြန်မာ့စိတ်ရင်း မပျက်ယွင်းသေးတဲ့သူများဆိုရင် မဟုတ်တာကို ပြောတာခံရရင် ကြက်ခေါင်းဆိတ်မခံ ပြန်လှန်ပြောတတ်ပါတယ်။ ကျွန်မတို့တစ်တွေဟာ ခေတ်တော်တော်များများကို ဖြတ်သန်းပြီး လာခဲ့ကြရာမှာ လူတိုင်း ကိုယ့်အကျိုးအတွက် ကိုယ်ကြိုးစားရင်း အများကောင်းကျိုးကိုပါ တစ်ပါတည်း သယ်ပိုးရွက်ဆောင်ခဲ့ကြပါတယ်။ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်တယ်ဆိုတဲ့ ဆိုရိုးစကားနဲ့အညီ အေးချမ်းသာယာစွာနေခဲ့ကြတာ ကြာခဲ့ပါပြီ။

ဟော–မီဒီယာခေတ်ကိုလဲ ရောက်ကရော လူတွေဟာ မကြားဖူးတာတွေကို ကြားပြီး မမြင်ဖူးတာတွေကိုလဲ မြင်ရရော ရိုးသားကြိုးစားတဲ့ဘဝကို စွန့်ပြီး မိမိဘဝ တိုးတက်ရေးအတွက် ချောင်းကိုပစ်ကာ မြစ်ကိုရှာဖို့ ထွက်သွားချင်တဲ့စိတ်တွေ တရိပ်ရိပ် ထွက်လာပါတော့တယ်။ မီဒီယာဆိုတာကလဲ အားလုံးအသိပဲဖြစ်ပါတယ်။ အရုပ်လှတာလောက်ပဲ ပြကာ ဘုံခန်းနဲ့မြှောက်တတ်သလို၊ အရုပ်ဆိုးတာကိုပဲပြကာ ငရဲခန်းနဲ့ ခြောက်တတ်သေးတယ်လေ။ မြန်မာနိုင်ငံလိုနိုင်ငံမျိုးက ဆင်းရဲမွဲတေတာတွေကို ပြဖို့ကို အဲဒီမီဒီယာတွေဟာ အလွန်မှ တာဝန်ကျေတတ်ပါတယ်။ ချမ်းသာပါတယ်ဆိုတဲ့ နိုင်ငံများမှာ ဆိုးဆိုးရွားရွား ဆင်းရဲတဲ့သူတွေရှိနေတယ်။ အသက်ရှင်အောင် ရှန်းကန်လှုပ်ရှားနေရလို့ သဘာဝဘေးဒဏ်တစ်ခုဖြစ်တဲ့ ဟာရီကိန်းကက်ထရီနာတိုက်ခတ်တဲ့အခါ နယူးအော်လင်းစ်မြို့ကနေ ထွက်သွားပါလို့ နှစ်ရက်ကြိုတင်ပြီး ကြော်ငြာပေမယ့် ထွက်မပြေးနိုင်ခဲ့ကြပါဘူး။ ဆင်းရဲတဲ့မြို့လူထုဟာ ဟာရီကိန်းကက်ထရီနာရဲ့ဒဏ်ကို ခံစားနေရတဲ့အချိန်၊ ဒုက္ခပင်လယ်ဝေနေတဲ့အချိန်မှာ သူတို့သမ္မတကြီးဟာ သူပိုင် မွေးမြူရေးခြံကြီးထဲမှာ အနားယူနေပါသတဲ့။

အဲသည်လို ချမ်းသာတဲ့နိုင်ငံက ဆင်းရဲသူများရဲ့ဘဝကို မသိနားမလည်တဲ့သူတွေ တော်တော်များပါတယ်။ အင်္ဂလိပ်စာတတ်များထဲမှာလဲ နိုင်ငံခြားမှာဆိုရင်ဆိုတဲ့ စကားမျိုးကို ပြောတတ်တဲ့သူတွေ များပါတယ်။ အဲသည်တော့ ငွေကဘယ့်လောက်ရတာဆိုတဲ့ စကားတွေကြားထားတဲ့သူများဟာ ရတာပဲသိပြီး ပြန်ကုန်ရတာ၊ ဘေးရန် အန္တရာယ်များတာ၊ ကိုယ့်ဘဝကိုယ့်သိက္ခာကို ငွေကြေးနဲ့တန်ဖိုးဖြတ်တာကို ခံရပြီး စိတ်ထိခိုက်ရတာတွေကို မသိခဲ့ကြပါဘူး။ အမိမြေဆိုတာက မိခင်ရဲ့ရင်ခွင်လိုပါပဲ။ သူတစ်ပါးနိုင်ငံမှာသွားရောက်နေထိုင်ရတာဟာ မမျှော်လင့်တဲ့ဘေးအန္တရာယ်က အချိန်မရွေး ကျရောက်လာနိုင်တယ်ဆိုတာကို မီဒီယာများထဲမှာ ဖော်ပြတာမတွေ့ရပါဘူး။

အဲသည်လို မသိကြတဲ့သူတွေထဲမှာ အင်မတန်ရိုးသားတဲ့ နယ်က ဝေးလံသီခေါင်တဲ့ဒေသများက လူငယ်လူရွယ်များလဲ ပါပါတယ်။ ကျေးလက်ဒေသကရော မြို့ကြီးပြကြီးများက လူငယ်များလဲပါပါတယ်။ အထူးသဖြင့်ကတော့ မြန်မြန်ဆန်ဆန် ချမ်းသာချင်တဲ့သူတွေမှာ နိုင်ငံရပ်ခြားသွားပြီး စီးပွားရှာလာ၊ ပြီးရင် မိဘကိုကျွေးမွေး၊ လုပ်ငန်းတစ်ခုတည်ထောင်ပြီး ကိုယ့်တိုင်းပြည်မှာပဲ ကိုယ်နေမယ်ဆိုတဲ့ စိတ်ထားလဲ ရှိတတ်ကြပါတယ်။ တစ်သက်လုံး သူများဆီမှာလူလူချင်းအနှိမ်ခံနေမယ်လို့ စိတ်မကူးကြပါဘူး။ နိုင်ငံရပ်ခြားမှာ စီးပွားရှာတာဟာ ဘယ့်လောက်ဒုက္ခရောက်တယ်ဆိုတဲ့ စာမျိုးတွေကိုလဲ တကယ့်ကိုယ်တွေ့ပေါ်မှာ အခြေခံပြီး ရေးသားထားတဲ့ စာတွေမှ အပုံ။သူများပြောရင် ယုံတတ်တဲ့သူတွေကတော့ ကိုယ့်တိုင်းပြည်မှာ ငွေက ဘယ်လောက်ရမှာမို့လဲဆိုပြီး အပြင်ကိုထွက်ဖို့ အားသန်နေတတ်ကြပါတယ်။

အဲသည်လိုစိတ်ထားမျိုးနဲ့ တစ်နိုင်ငံ တစ်နိုင်ငံကိုကူးပြီး အလုပ်လုပ်ကြတဲ့သူတွေဟာ ဗြိတိန်မှာလဲရှိပါတယ်။ ဗြိတိန်ကနေ တခြားမှာသွားပြီး အလုပ်လုပ်တာကို ပြောတာနော်။ အဲသည်လို တခြားဖွံ့ဖြိုးတဲ့ နိုင်ငံကြီးတစ်နိုင်ငံကို သွားပြီး အလုပ်လုပ်လိုက်တာ ဗြိတိသျှ အမျိုးသမီးကလေးတစ်ယောက် အသတ်ခံခဲ့ရပါတယ်။ ကျွန်မ ရီးဒါးဒိုင်ဂျက်ထဲမှာဖတ်ဖူးလို့ ပြန်ပြီးတင်ပြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံကတော့ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ကြိုးစားကြဖို့ လိုအပ်ပါသေးတယ်။ သို့သော် ကိုယ့်အားကိုယ်ကိုးပြီး စီးပွားတိုးတက်အောင် အမြဲတစေကြိုးစားဖို့ ရေရှည်စီမံကိန်းမဆွဲဘဲ ခဏလောက် နိုင်ငံခြားကိုသွားပြီး အလုပ်လုပ်လိုက်ရင် ဘယ့်လောက်ရမှာဆိုတဲ့ အတွေးတွေကိုသာ ခပ်တိမ်တိမ် တွေးတတ်တဲ့သူတွေလဲ ရှိပါတယ်။ အဲဒါကြောင့် တခြားနိုင်ငံကိုသွားပြီး အလုပ်လုပ်တဲ့သူတွေ များလာတာဖြစ်ပါတယ်။ တရားမဝင် သွားတဲ့သူများက များပါတယ်။ လုပ်အားခနည်းနည်းပေးပြီး နိုင်ချင်တိုင်း နိုင်လို့ရတဲ့ စီးပွားရှာတဲ့ စွန့်စားရေးသမားများကို အိမ်နီးချင်းနိုင်ငံများက ဝိသမလောဘသမားများကလဲ ကြိုက်ပါတယ်။

တကယ်လို့ ပြည်ပြေးတွေကို လက်မခံချင်ရင် မြန်မာနိုင်ငံကနေ လာချင်တဲ့သူများကို လက်ယပ်မခေါ်ကြနဲ့လေ။ အဲသည်လို လက်ယပ်ခေါ်လို့ လာရောက်အလုပ်လုပ်တဲ့သူတွေကိုလဲ လက်မခံနဲ့ပေါ့။ နိုင်ငံရေးခိုလှုံသူဆိုသူများကိုလဲ သေသေချာချာ စစ်ဆေးပြီးကြည့်ကြစေချင်ပါတယ်။ တကယ်တော့ ကိုယ်ရေးကိုယ်တာ အရှုပ်အရှင်းများကို မဖြေရှင်းနိုင်လို့ ရှောင်ချင်တယ်။ ဝင်းထရံကလဲ ပေါက်နေတာနဲ့ ထွက်သွားတယ်။ လက်ခံကြသူ၊ ကြိုဆိုကြသူများကလဲ မြန်မာအစိုးရကို ထိုးနှက်ဖို့ အကွက်ကောင်းတစ်ခုအနေနဲ့ ဆုပ်ကိုင်ကာ ပြေးလာသူများကို ဗျူးကြတော့တာပါပဲ၊ မေးခွန်းတွေကလဲ ရေလာမြောင်းပေး မေးခွန်းတွေဖြစ်ပါတယ်။ အဲသည်လို ပြေးသွားတဲ့ သူများကလဲ မေးခွန်းတွေကိုကြားတာနဲ့ တစ်သက်လုံး နေထိုင်ခဲ့တဲ့ အမိမြေကို စော်ကားမော်ကားပြောတော့တာပါပဲ။ ကျွန်မဖြင့် အဲသည်လို ရေလိုက်လွဲတဲ့သူများကို သနားမိပါတယ်။ ထမင်းတစ်လုတ်စားပြီး နေစရာတစ်နေရာ ရဖို့ အပုပ်ချတဲ့စကားတွေကို ပြောနေရတာကြောင့် စားရတဲ့ ထမင်းဟင်းတွေမှာ အပုပ်နံ့တွေ ရှိနေနိုင်ပါတယ်။

ဒါကြောင့်မို့ အစီရင်ခံစာမှာပါတဲ့ ဒုက္ခသည်ပေါင်း ၇၀၀၀၀၀ ထွက်ပြေးသွားတယ်ဆိုတဲ့ စတုတ္ထစွပ်စွဲချက်နဲ့ပတ်သက်ပြီး မည်သည့် တရားဝင်အာဏာပိုင်ကမျှ အတည်မပြုဘူးဆိုတာ သိစေလိုပါတယ်။

ပြည်ပြေးများရပ်တန့်သွားဖို့ရာမှာ မြန်မာနိုင်ငံမှာလဲ တာဝန်ရှိသလို ပြည်ပြေးများရောက်ရှိသွားတဲ့ နိုင်ငံများမှာလဲ တာဝန်ရှိပါတယ်။ နိုင်ငံကြီးအချို့ဆိုရင် တရားမဝင် ဝင်လာတဲ့သူများကို ဖြစ်တဲ့နည်းကိုသုံးပြီး ပြန်ပို့နေတာ သတင်းများထဲမှာ ဖတ်နေရတာပါပဲ။ တကယ်တော့ ၈၈ အရေးအခင်းကတည်းက ထွက်ပြေးသွားတဲ့သူများကို နိုင်ငံရေးခိုလှုံသူများအဖြစ်သာ လက်ခံခဲ့တာပါ။ အဲသည်အထဲမှာ ကိုယ်ရေးကိုယ်တာကိုစွန့် ပြောတဲ့သူတွေလဲ ပါပါတယ်။

မြန်မာဟာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ စွမ်းစွမ်းတမံကြိုးစားနေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ နှင်းအေးခိုင်တို့ ကိုးကွယ်ယုံကြည်မှုအရလဲ မူးယစ်ထုံထိုင်းခြင်းဟာ ကြီးမားတဲ့ အကုသိုလ်မှုဖြစ်ကြောင်း သွန်သင်ပါတယ်။ အဲဒါကြောင့် မူးယစ်ဆေးဝါးကို ယဉ်ကျေးမှုအရလဲ ဆန့်ကျင်ပါတယ်။ နိုင်ငံတော်မှာ တာဝန်ရှိတဲ့သူများအနေနဲ့ မူးယစ်ဆေးဝါးကင်းတဲ့ နိုင်ငံဖြစ်အောင် ကြိုးစားခဲ့ရာမှာ ဘိန်းခင်းများကို စိုက်ပျိုးပြီး စီးပွားဖြစ်နေတဲ့သူများနဲ့ တပ်ချင်း ရင်ဆိုင်တိုက်ခိုက်ရတဲ့ အခြေအနေအထိ ကြုံခဲ့ရလို့ မူးယစ်ဆေးကို တိုက်ဖျက်ရင်း အသက်ပေး သွားရတဲ့ နိုင်ငံ့သားကောင်း ဝန်ထမ်းကောင်းများလဲ ရှိပါတယ်။ နယ်စပ်ဒေသစည်ပင်အောင် ဆောင်ရွက်တဲ့ နေရာမှာ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးခြင်း၊ အခြားသောအတတ်ပညာများကို သင်ယူဖို့ ကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ အသိပညာပေးခြင်း စသည်ဖြင့် မြန်မာနိုင်ငံဟာ မူးယစ်ဆေးကို တိုက်ဖျက်ဖို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားနေတဲ့ နိုင်ငံဖြစ်ပါတယ်။

ပ်တဲ့သိက္ခာကိုပင် စောင့်ရတယ်

နှင်းအေးခိုင်

စိတ်ရင်း မပျက်ယွင်းသေးတဲ့သူများ
ါင်းဆိတ်မခံ ပြန်လှန်ပြောတတ်ပါတယ်။
များကို ဖြတ်သန်းပြီး လာခဲ့ကြရာမှာ
း အများကောင်းကျိုးကိုပါ တစ်ပါတည်း
ျားဆောင် ကိုယ့်အကျိုးအောင်တယ်ဆိုတဲ့
ခဲ့ကြတာ ကြာခဲ့ပါပြီ။
ရော လူတွေဟာ မကြားဖူးတာတွေကို
၁ ရိုးသားကြိုးစားတဲ့ဘဝကို စွန့်ပြီး
ာ မြစ်ကိုရှာဖို့ ထွက်သွားချင်တဲ့စိတ်တွေ
တာကလဲ အားလုံးအသိပဲဖြစ်ပါတယ်။
က်တတ်သလို၊ အရပ်ဆိုးတာကိုပဲပြကာ
မာနိုင်ငံလိုနိုင်ငံမျိုးက ဆင်းရဲမွဲတေတာ
ာ တာဝန်ကျေတတ်ပါတယ်။ ချမ်းသာ
င်းရဲတဲ့သူတွေရှိနေတယ်။ အသက်ရှင်
၁ဘေးဒဏ်တစ်ခုဖြစ်တဲ့ ဟာရီကိန်း
င်းစ်မြို့ကနေ ထွက်သွားပါလို့ နှစ်ရက်
င်ခဲ့ကြပါဘူး။ ဆင်းရဲတဲ့မြို့လူထုဟာ
့အချိန်၊ ဒုက္ခပင်လယ်ဝေနေတဲ့အချိန်မှာ
ကြီးထဲမှာ အနားယူနေပါသတဲ့။
ရဲသူများရဲ့ဘဝကို မသိနားမလည်တဲ့
ာတ်များထဲမှာလဲ နိုင်ငံခြားမှာဆိုရင်ဆိုတဲ့
ယ်။ အဲသည်တော့ ငွေကဘယ့်လောက်
းဟာ ရတာပဲသိပြီး ပြန်ကုန်ရတာ၊
သိက္ခာကို ငွေကြေးနဲ့တန်ဖိုးဖြတ်တာကို
ဘူး။ အမိမြေဆိုတာက မိခင်ရဲ့ရင်ခွင်
ရတာဟာ မမျှော်လင့်တဲ့ဘေးအန္တရာယ်
ကို မီဒီယာများထဲမှာ ဖော်ပြတာမတွေ့ရ

ခင်မတန်ရိုးသားတဲ့ နယ်က ဝေးလံသီ
ပါပါတယ်။ ကျေးလက်ဒေသကရော
၊ အထူးသဖြင့်ကတော့ မြန်မြန်ဆန်ဆန်
စီးပွားရှာလာ၊ ပြီးရင် မိဘကိုကျွေးမွေး၊
ည်မှာပဲ ကိုယ်နေမယ်ဆိုတဲ့ စိတ်ထားလဲ
ာလူလူချင်းအနှိမ်ခံနေမယ်လို့ စိတ်မကူး
ာ ဘယ့်လောက်ဒုက္ခရောက်တယ်ဆိုတဲ့
အခြေခံပြီး ရေးသားထားတဲ့ စာတွေမှ
ကိုယ့်တိုင်းပြည်မှာ ငွေက ဘယ်လောက်
နေတတ်ကြပါတယ်။
တစ်နိုင်ငံကိုကူးပြီး အလုပ်လုပ်ကြတဲ့
ကနေ တခြားမှာသွားပြီး အလုပ်လုပ်
့ဖြိုးတဲ့ နိုင်ငံကြီးတစ်နိုင်ငံကို သွားပြီး
လေးတစ်ယောက် အသတ်ခံခဲ့ရပါတယ်။
းတင်ပြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံ
ာင် ကြိုးစားကြဖို့ လိုအပ်ပါသေးတယ်။
က်အောင် အမြဲတစေကြိုးစားဖို့ ရေရှည်
းပြီး အလုပ်လုပ်လိုက်ရင် ဘယ့်လောက်
် တွေးတတ်တဲ့သူတွေလဲ ရှိပါတယ်။
ပ်တဲ့သူတွေ များလာတာဖြစ်ပါတယ်။
ပ်အားခနည်းနည်းပေးပြီး နိုင်ချင်တိုင်း
ကို အိမ်နီးချင်းနိုင်ငံများက ဝိသမလောဘ

ခံချင်ရင် မြန်မာနိုင်ငံကနေ လာချင်တဲ့
ည်လို လက်ယပ်ခေါ်လို့ လာရောက်
နိုင်ငံရေးခိုလှုံသူဆိုသူများကိုလဲ သေသေ
။ တကယ်တော့ ကိုယ်ရေးကိုယ်တာ
တယ်။ ဝင်းထရံကလဲ ပေါက်နေတာနဲ့
များကလဲ မြန်မာအစိုးရကို ထိုးနှက်ဖို့
ပြေးလာသူများကို ဗျူးကြတော့တာပါပဲ၊
မ်းခွန်းတွေဖြစ်ပါတယ်။ အဲသည်လို
ကြားတာနဲ့ တစ်သက်လုံး နေထိုင်ခဲ့တဲ့
ပါပဲ။ ကျွန်မဖြင့် အဲသည်လို ရေလိုက်
းတစ်လုတ်စားပြီး နေစရာတစ်နေရာ
ကြောင့် စားရတဲ့ ထမင်းဟင်းတွေမှာ

က္ခသည်ပေါင်း ၇၀၀၀၀၀ ထွက်ပြေး
က်ပြီး မည်သည့် တရားဝင်အာဏာပိုင်
ယ်။
မာနိုင်ငံမှာလဲ တာဝန်ရှိသလို ပြည်ပြေး
ရပါတယ်။ နိုင်ငံကြီးအချို့ဆိုရင် တရား
းပြီး ပြန်ပို့နေတာ သတင်းများထဲမှာ
းအခင်းကတည်းက ထွက်ပြေးသွားတဲ့
ခံခဲ့တာပါ။ အဲသည်အထဲမှာ ကိုယ်ရေး
ယ်။

တစ်ခါတုန်းက နယ်စပ်က မိဘရပ်ထံကိုပြန်တဲ့ ကျွန်မသူငယ်ချင်းက ပြောပါတယ်။ ငါတို့နယ်မှာလဲ စိုက်တဲ့ပျိုးတဲ့သူတွေ မရှိသလောက်ဖြစ်နေပြီ။ တစ်ဖက်ကနေပြီး လုပ်အားခကောင်းကောင်းပေးပြီးခေါ်တော့ လူငယ်လူရွယ်တွေ သွားကြတယ်ဟာလို့ ပြောပါတယ်။ အဲသည်သူငယ်ချင်းနဲ့ နောက်တစ်နှစ်လောက်ကြာတဲ့အခါမှာ ပြန်တွေ့ပြန်ပါတယ်။ သူက အခုအပြင်မှာ အလုပ်သွားလုပ်တဲ့သူတွေ ပြန်လာကြတယ်။ သူတို့ကို လုပ်အားခကောင်းကောင်းပေးတဲ့ အလုပ်ရှင်တွေက အရူးဆေးလို့ခေါ်တဲ့ဆေးကို သူတို့သောက်ရမယ့် ရေထဲမှာထည့်ပြီး တိုက်သတဲ့။ အဲသည်တော့ ဘယ်လောက်ပဲခိုင်းခိုင်း နေ့မအိပ်ညမအိပ် အလုပ်လုပ်နိုင်သတဲ့။ အဲသည်လို အလုပ်တွေအများကြီးလုပ်ပြီးတော့လဲ မထူနိုင်အောင်လဲတော့တာပဲ။ အဲသည်လို ကိုယ်ခန္ဓာက မခံနိုင်တော့ လူမမာကြီးဖြစ်သွားတာနဲ့ အလုပ်ရှင်တွေက အလုပ်ထုတ်လိုက်တာပေါ့။ တရားမဝင် အလုပ်သမားတွေပဲ။ ဒါပေမယ့် ငါတို့ဆီပြန်လာတဲ့ကောင်တွေက အရူးဆေးကို စွဲသွားပြီလေ။ အဲသည် အရူးဆေးကို ရောင်းတဲ့သူတွေက ဆေးစွဲနေတဲ့ကောင်တွေ နောက်ကလိုက်လာရော။ အဲသည်လို လိုက်လာပြီး ဆေးရောင်းတဲ့သူတွေရှိလာတော့ ကိုယ့်ရွာကနေ အပြင်မထွက်ဖူးတဲ့သူတွေလဲ ဆေးစွဲလာတာပေါ့။ တော်တော်ဆိုးတဲ့ကောင်တွေလို့ ပြောပြပါတယ်။

အဲသည်တော့ ကျွန်မပြောချင်တာက ခေါ်သူရှိလို့ အလွယ်လမ်းကို လိုက်တဲ့သူတွေက သွားတာပဲ။ လက်မခံဘူးဆိုရင် အတင့်မရဲပါဘူး။ အတင့်ရဲတယ်ဆိုတာကတော့ ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့ရတဲ့ နေရာများကိုဝင်တဲ့ နေရာမှာသာ အတင့်ရဲကြတာ ဖြစ်ပါတယ်။

တူးတူးနဲ့ ချက်သမ္မတဟောင်းတို့ဟာ မျက်စိမှုန်ဝါးနေကြတယ်နဲ့ တူတယ်။ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါး အများဆုံးထုတ်လုပ်တဲ့ နိုင်ငံဖြစ်တယ်လို့ ပဥ္စမအချက်အနေနဲ့စွပ်စွဲတာဟာ နယ်စပ်မျဉ်းကြောင်းများကို ဟိုဘက်သည်ဘက်မှားကြည့် မိတာပဲဖြစ်ရပါမယ်။ ကျွန်မတို့ မြန်မာနိုင်ငံနယ်စပ်အစွန်နဲ့ အိမ်နီးနားချင်းနိုင်ငံ နှစ်နိုင်ငံနယ်စပ်အစွန်တို့ ပေါင်းစပ်မိရာဒေသကိုရွှေတြိဂံလို့ အမည်ပေးထားပြီး ဘိန်း အများဆုံးထွက်ရာဒေသလို့ အမည်ပေးခဲ့ရာက ဘယ့်နှယ်က ဘယ့်နှယ် မြန်မာက မူးယစ်ဆေးဝါး အများဆုံးထွက်တဲ့ဒေသလို့ စွပ်စွဲကြပြန်တာလဲ။

မြန်မာဟာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ စွမ်းစွမ်းတမံ ကြိုးစားနေတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နှင်းအေးခိုင်တို့ ကိုးကွယ်ယုံကြည်မှုအရလဲ မူးယစ်ထုံထိုင်းခြင်းဟာ ကြီးမားတဲ့အကုသိုလ်မှုဖြစ်ကြောင်း သွန်သင်ပါတယ်။ အဲဒါကြောင့် မူးယစ်ဆေးဝါးကို ယဉ်ကျေးမှုအရလဲ ဆန့်ကျင်ပါတယ်။ နိုင်ငံတော်မှာ တာဝန်ရှိတဲ့သူများအနေနဲ့ မူးယစ်ဆေးဝါးကင်းတဲ့ နိုင်ငံဖြစ်အောင် ကြိုးစားခဲ့ရာမှာ ဘိန်းခင်းများကို စိုက်ပျိုးပြီး စီးပွားဖြစ်နေတဲ့သူများနဲ့ တပ်ချင်း ရင်ဆိုင်တိုက်ခိုက်ရတဲ့ အခြေအနေအထိကြုံခဲ့ရလို့ မူးယစ်ဆေးကိုတိုက်ဖျက်ရင်း အသက်ပေးသွားရတဲ့ နိုင်ငံ့သားကောင်း ဝန်ထမ်းကောင်းများလဲ ရှိပါတယ်။ နယ်စပ်ဒေသစည်ပင်အောင် ဆောင်ရွက်တဲ့နေရာမှာ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးခြင်း၊ အခြားသော အတတ်ပညာများကို သင်ယူဖို့ ကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ အသိပညာပေးခြင်း စသည်ဖြင့် မြန်မာနိုင်ငံဟာ မူးယစ်ဆေးကို တိုက်ဖျက်ဖို့ နည်းအမျိုးမျိုးနဲ့ကြိုးစားနေတဲ့ နိုင်ငံဖြစ်ပါတယ်။

ဒါပေမယ့် မြန်မာနိုင်ငံနယ်စပ်ကို လုံးဝထွက်ပေါက် ဝင်ပေါက်မရှိအောင် ပိတ်ဆို့ထားနိုင်ခြင်းမရှိပါဘူး။ အမေရိကန်ပြည်ထောင်စုလို နိုင်ငံတောင်မှ လုံအောင်ပိတ်ထားလို့မှမရဘဲပဲ။ ကျွန်မတို့နိုင်ငံဟာ ဘိန်းကိုတော့ နိုင်အောင်တိုက်ဖျက်တာပါပဲ။ သို့ပေမယ့် အကွက်ကိုချောင်းနေတဲ့သူများဟာ တောင်ကြိုတောင်ကြားများမှာ ဘိန်းစိုက်ဖို့ တိုင်းရင်းသားများကို ငွေကြေးနဲ့စေခိုင်းကြတယ်။ အဲသည်လို စိုက်ပျိုးထားတာကို တွေ့တာနဲ့ ချက်ချင်းဖျက်ဆီးကြရတယ်။ သို့ပေမယ့် အက်ဖီတာမင်းလို မူးယစ်ဆေးဝါးကို မြန်မာနိုင်ငံက လုံးဝထုတ်လုပ်နိုင်တဲ့ အနေအထားမှာမရှိပါဘူး။ အဲသည် ဆေးထဲမှာပါနေတဲ့ ဓာတုပစ္စည်းဟာ မြန်မာနိုင်ငံမှာ လုံးဝမထုတ်လုပ်နိုင်ပါဘူး။ ဘာဖြစ်လို့ မြန်မာနိုင်ငံထဲမှာ အဲသည်ဆေးတွေရှိနေတာလဲ။ မြန်မာနိုင်ငံထဲက အဲသည် ဆေးတွေ ထုတ်နေတာလဲလို့မေးရင် အခုပြောသလို တောင်ကြိုတောင်ကြားမှာ ဘိန်းစိုက်ပျိုးတာက ရာသီကိုစောင့်ရဦးမယ်၊ မြင်သာတယ်၊ ထင်သာတယ်၊ အက်ဖီတာမင်းဆေး ချက်တာကတော့ တစ်ဖက်ရပ်တဲကလေးနဲ့ ဓာတုပစ္စည်းတွေကို ရောနှောပြီးရင် ဆေးဖြစ်ဖို့က တယ်မကြာဘူးလေ၊ အဲသည်နည်းနဲ့ ဆေးဝါးများချက်လုပ်လို့ရအောင် မြန်မာနိုင်ငံနယ်စပ်ဒေသများမှာ မငြိမ်းချမ်းအောင် အမြဲတစေလှုံ့ဆော်နေခဲ့ကြတာပေါ့။ မူးယစ်ဆေးကို ဘယ်နိုင်ငံက အများဆုံးသုံးသလဲ။ မူးယစ်ဆေးအပါအဝင် ဒုစရိုက်မှုတွေနဲ့ စီးပွားရှာရင်း တရိပ်ရိပ်စီးပွားဖြစ်လာတာက ဘယ်နိုင်ငံလဲဆိုတော့ မျက်စိကြီး နားကြီးတွေဖြစ်တဲ့ ချက်သမ္မတဟောင်းတို့၊ တူးတူးတို့ကတော့ မသိဘဲမနေပါဘူး၊ သိမှာပါ။ သို့ပေမယ့် လိုသလို ဟိုသည်ယိမ်းတတ်တဲ့သူများပီပီ သူတို့လုပ်တာကိုတော့ မသိယောင် မမြင်ယောင်ဆောင်ပေးနေကြတယ်ဆိုတာကို တကယ့်လူမှန်များက သိပါတယ်။

ကျွန်မတို့နိုင်ငံက မူးယစ်ဆေးဝါးထွက်တယ်ဆိုတာကို ပြောချင်ရင် ချက်တဲ့သူတွေ၊ ငွေထုတ်ပေးတဲ့သူတွေ ဘယ်မှာနေသလဲဆိုတာကို အရင်စုံစမ်းလိုက်ပါဦး၊ သူတို့က ကောက်ကျစ်တဲ့နည်းမျိုးစုံကိုသုံးပြီး မြန်မာနိုင်ငံရဲ့ နယ်နိမိတ်တွင်းကနေ မူးယစ်ဆေးတွေကိုထုတ်ယူကာမှ လုံးဝသည်းမခံဘဲ ပိတ်ဆို့တဲ့နည်းလမ်းကို သုံးနေရပါတယ်ဆိုတာမျိုး အော်တာကတော့ မတရားပါဘူး။

ကျွန်မတို့မြန်မာနိုင်ငံမှာ ယာဘာဆိုတဲ့ အရူးဆေးက အရင်ထွက်တာမဟုတ်ဘူး။ ယာဘာဆေးကိုသုံးတဲ့နိုင်ငံက တွင်တွင်ကျယ်ကျယ်သုံးပြီးမှ ကျွန်မတို့ နိုင်ငံထဲကို အဲသည်ဆေးရောက်လာတာပါ။ တကယ်တော့ ပြောမယ်သာပြောနေတာပါ။ တူးတူးတို့က အဲသည်အကြောင်းများကို မသိဘဲမနေပါဘူး၊ သိပြီးသားပါ။ ပြောခဲ့ပြီးတဲ့ အတိုင်း မျက်စိကြီးနားကြီးတွေပဲ။ ဘာဖြစ်လို့မဟုတ်တမ်းတရမ်းတွေကို ပြောနေလဲဆိုရင် မြန်မာနိုင်ငံမှာ ၎င်းတို့ဩဇာကို နာခံလိုက်နာသော အစိုးရအဖွဲ့တစ်ဖွဲ့ တင်လိုသော အင်အားကြီးနိုင်ငံများ အလိုတော်ကျအောင် ပြောနေတာပါပဲ။

မူးယစ်ဆေးဝါးနဲ့ စွပ်စွဲချက်ပြီးတဲ့အခါမှာ လာပြန်ပြီ နောက်တစ်မျိုးလို့ ဆိုရပါမယ်။ ကျွန်မတို့နိုင်ငံမှာ အိပ်ချ်အိုင်ဗွီနဲ့ အေ့ဒ်စ်တွေပြန့်ပွားပြီး နိုင်ငံရပ်ခြားကို ထွက်အောင် ဖြန့်နေပါတယ်တဲ့။ ဒီတစ်ခါလဲ တူးတူးတို့တစ်တွေ နယ်နိမိတ်မျဉ်းကြောင်းကို မှားပြီးကြည့်မိပြန်ပြီ ထင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ အဲသည်လိုရောဂါသည်မျိုးတွေလုံးဝမရှိဘူးလို့ မငြင်းပါဘူး။ ရှိပါတယ်။ သို့ပေမယ့် ရှင်တို့တစ်တွေပြောသလို ဒီနေရာကနေပြီး ပြန့်ပွားလောက်အောင်ဖြစ်ရဖို့က ကျွန်မတို့နိုင်ငံမှာအချို့ချို့သောနိုင်ငံမှာလို Sex trade ဆိုတဲ့လုပ်ငန်းမရှိဘူးလေ။ လိင်စိတ်ကိုနိုးကြားစေတဲ့ အကခန်းတွေ၊ ဖော်ချွတ်ခန်းတွေမရှိဘူးလေ။ အဲသည်လိုလုပ်ငန်းကို အကြီးအကျယ် လုပ်နေတဲ့နိုင်ငံတွေက လူဝင်လူထွက်လဲ များတယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ ခရီးသွားဧည့်သည်လုပ်ငန်းတွေ များစွာအောင်မြင်နေတာကိုး။

လူမှောင်ခိုကုန်ကူးပြီး အဲသည်လိုလုပ်ငန်းတွေကို လုပ်နေတဲ့အကြောင်း စာနဲ့ပေနဲ့ရေးထားတဲ့ Disposable People ဆိုတဲ့စာအုပ်ကို ကျွန်မဖတ်ဖူးပါတယ်။ အဲသည်စာအုပ်ဟာ ကောင်းလှချည့်ရဲ့ဆိုပြီး တူးတူးကိုယ်တိုင် ချီးကျူးရေးသားထားတဲ့ စာအုပ်ဖြစ်ပါတယ်။ အဲသည်အထဲမှာ နိုင်ငံတစ်နိုင်ငံမှာ Sex trade ဘယ့်လောက် ထွန်းကားနေသလဲဆိုတာ သေသေချာချာ ဖော်ပြထားပါတယ်။

အဲသည်နိုင်ငံကနေပြီး ပြန်လာတဲ့ အလုပ်သမကလေးတွေဟာ အိပ်ချ်အိုင်ဗွီနဲ့ အေ့ဒ်စ်ရောဂါပိုးတွေကို သယ်ဆောင်ပြီး ပြန်လာကြရာက ကျွန်မတို့ဆီမှာ ပြန့်ပွားသွားတာက စပါတယ်။ အဲသည်ကိစ္စတွေကို ဖျောက်ထားပြီး ကျွန်မတို့နိုင်ငံက လူတွေဟာ အရိုင်းအစိုင်းများလို ရောဂါပိုးတွေ မပြန့်ပြန့်အောင် လုပ်နေသလိုမျိုး ပြောတာကတော့ မသင့်တော်ပါဘူး။

တကယ်တော့ ကျွန်မတို့ဆီမှာ အဲသည်လိုရောဂါပိုးတွေက ဘယ်လိုနည်းနဲ့ ပျံ့နှံ့နိုင်တယ်ဆိုတာ ဆရာဝန်ကြီးများကိုယ်တိုင် ကျောင်းတွေအထိ သွားရောက်ဟောပြောကြပါတယ်။ ဆရာ ဆရာမများကိုယ်တိုင်လဲ အဲသည်လိုကိစ္စမျိုးဟာ ယဉ်ကျေးမှုနဲ့ မကိုက်ညီတဲ့အတွက် အလွန်မှ ရှက်စရာကောင်းတဲ့အကြောင်းကို နားလည်အောင် သွန်သင်ပါတယ်။ အရင်ကမိသားစုများအတွင်းမှာ အဲသည်လိုကိစ္စမျိုးကို ပွင့်လင်းစွာ မပြောကြပေမယ့် အခုဆိုရင် ဖခင်ကဖြစ်စေ၊ ညီနောင်အချင်းချင်း ကြီးသူက ငယ်သူကိုဖြစ်စေ ပြောဆိုဆုံးမတတ်ကြပါတယ်။

တကယ်တော့ အသိပညာတိုးတက်ဖွံ့ဖြိုးဖို့အတွက် ကျွန်မတို့လဲ ကျွန်မတို့နည်းကျွန်မတို့ဟန်နဲ့ ကြိုးစားနေကြတာပါပဲ။ တူးတူးနဲ့ ချက်သမ္မတဟောင်းတို့က ကျွန်မတို့ နိုင်ငံသားအားလုံးဟာ ဘာမှမသိနားမလည်ဘဲ နုံတုံတုံ အတတနဲ့ မဝရေစာ စားပြီး နေရတဲ့သဘော၊ အားလုံးဟာ လက်ရှိအစိုးရမှာပဲ အပြစ်ရှိတယ်ဆိုတဲ့သဘောကိုပြောတာ တစ်ဖက်စောင်းနင်းဖြစ်နေတယ်လို့ ကျွန်မပြောချင်ပါတယ်။ ကျွန်မနဲ့ အနည်းနဲ့အများ သဘောချင်းကိုက်ညီတဲ့သူများလဲ များပါတယ်။ ကျွန်မတို့ နေရထိုင်ရတာဟာ အားလုံးပြီးပြည့်စုံတယ်လို့ မပြောလိုပါဘူး။ ကိုင်း- ရှင်တို့အားလုံးရဲ့ နိုင်ငံများမှာရော အားလုံးစိတ်အေးချမ်းသာရှိတယ်လို့ ပြောနိုင်ကြပါရဲ့လား။ ဘုရား မှန်း တရားမှန်း မသိနိုင်အောင် မိုးလင်းရင် အပြေးအလွှားထွက်ပြီး အလုပ် လုပ်လိုက်ကြ၊ ညနေစောင်းရင် စိတ်ပျော်အောင်ဖျော်ဖြေတဲ့နေရာ အမျိုးမျိုးကို သွားလိုက်ကြနဲ့ ဖြေပြေရာကို ရှာနေကြရတဲ့သူတွေ များပါတယ်။ ရှင်တို့အားလုံးရော ရှင်တို့နိုင်ငံရဲ့ အစိုးရများ လုပ်နေတဲ့အလုပ်တွေကို အကုန်မှန်ပါတယ်လို့ ဝန်ခံနိုင်ကြပါ့မလား။ သူတို့တစ်တွေ ရေနံကြွယ်ဝပြီး ချမ်းသာသည်ထက်ချမ်းသာအောင် အီရတ်က လူငယ်များကို မိမိတို့နိုင်ငံက လူငယ်များနဲ့အတိုက်ခိုင်းတာဟာ တရားမျှတပါရဲ့လား။ အဲသည် လူငယ်များရဲ့ မိဘများက သူတို့သားများ ကိုယ်ကျိုးစွန့်လွှတ်ရတာဟာ နိုင်ငံတစ်ခုလုံးက လူတွေကောင်းစားဖို့လဲမဟုတ်၊ သေသာသွားရော ဘာဖြစ်လို့တိုက်နေကြရတယ်ဆိုတာလဲ မသိဘဲ သေသည်အထိ တိုက်နေရတဲ့အဖြစ်ကို ရှင်တို့က တရားမျှတတယ်လို့ ထင်နေပါသလား။ အဲသည်လောက်တော့ မေးခွင့်ရှိသင့်တယ်လို့ ကျွန်မထင်ပါတယ်။

အဲသည်လိုနိုင်ငံများမှာ ဒီမိုကရေစီအစိုးရများတက်နေတာပါပဲ။ ပြည်သူများက တင်မြှောက်ခြင်းကိုခံရအောင် မဲဆွယ်တုန်းက ကတိတွေ တစ်လှေကြီးပေးပြီး နေရာရလာတဲ့သူတွေဟာ တခြားနိုင်ငံကို မိမိတို့နိုင်ငံက လူငယ်လူရွယ်တွေကို စေလွှတ်တဲ့အခါ ပြည်သူလူထုအများစုက သဘောကျနှစ်ခြိုက်ပါရဲ့လား။ ဆန္ဒပြကန့်ကွက်နေတဲ့ကြားက မိခင်ရင်ခွင်ထဲကသားများ သတ်ကွင်းကိုသွားကြဖို့ စေခိုင်းခဲ့တာ မဟုတ်လား။

တကယ်တော့ တူးတူးလို အသက်လဲကြီးတဲ့ အသားအရောင်ကြောင့် များစွာ ဖိနှိပ်ခြင်းခံခဲ့ရတဲ့သူအနေနဲ့ ဝိုင်းဝန်းပြီး ချီးနှိမ်နေကြရင် လူများစုဟာ စိတ်ငယ်သွားမယ်။ အချင်းချင်း ဝါးအစည်းပြေသလို ပြေသွားမယ်ဆိုတာကို သိမှာပါပဲ။ ကျွန်မတို့ မြန်မာနိုင်ငံကို အီရတ်ခံရတဲ့ ကံကြမ္မာမျိုးနဲ့ ရင်မဆိုင်ခိုင်းပါနဲ့တော့။ သူများကူမှ ကယ်မှ တိုးတက်ဖွံ့ဖြိုးမယ်ဆိုတာ ကျွန်မတို့မယုံပါဘူး။ ကျွန်မတို့ဘာသာ ကြိုးစားခွင့်သာ ပေးကြစေလိုပါတယ်။

ရှင်တို့က ရွေးကောက်တင်မြှောက်ခြင်းခံထားရတဲ့ အဖွဲ့ကို သိပ်ပြီးဗန်းတင်ကြတာပါပဲ။ အဲဒါ ကြာခဲ့ပြီလေ။ အဲသည်တုန်းက အခြေအနေနဲ့ အဲသည်တုန်းက လူထုလေ။ အခုပြောင်းသွားပြီ။ ကာလပျက်တဲ့အချိန်မှာ မကြားဝံ့ မမြင်ဝံ့စရာ လူလူချင်း သတ်ကြဖြတ်ကြတာဟာ စိတ်ရူးပေါက်လောက်အောင် ဒေါသထွက်နေတဲ့ လူစုပဲဖြစ်တယ်။ အဲသည် လူစုတွေက ဘယ်လိုလူမျိုးကို ရွေးရမယ်မှန်းမသိဘဲ မဲထည့်လိုက်တာ ဘယ်နှနှစ်ပဲကြာကြာ အရွေးခံရတဲ့ခေါင်းဆောင်ရဲ့ လှုပ်ရှားပုံတွေ၊ မျက်နှာထားတွေ၊ ပြောစကားတွေကို ကြားရတာကြောင့် သူ့ကို လက်သင့်မခံတဲ့သူတွေ အများကြီးရှိလာနေပြီ ဖြစ်ပါတယ်။ တူးတူးတို့လဲ သိမှာပါ။

အဲသည်လို ခေါင်းဆောင်ဦးဆောင်တဲ့အဖွဲ့ဟာလဲ အကွဲကွဲအပြားပြားဖြစ်နေပါပြီ။ ကျွန်မတို့တစ်တွေဟာ ကိုယ့်အင်အားနဲ့ကိုယ် သမိုင်းတစ်လျှောက်လုံးမှာ ပြန်ပြီး မတ်ဖို့ကြိုးစားခဲ့ကြတာ အောင်မြင်ခဲ့ကြတာချည်းပါပဲ။ အခုလို ဝင်ရောက်စွက်ဖက် တာတွေ၊ မီဒီယာကနေ တိုက်တာတွေ၊ စုန်းပြူးတွေကိုမွှေးပြီး အော်ခိုင်းတာတွေကတော့ တကယ့်မြန်မာနိုင်ငံ ပြည်သူလူထုကို ဒုက္ခပေးနေတဲ့အလုပ်တွေ ဖြစ်ပါတယ်။

ကျွန်မတို့ အင်အားနဲ့ ကျွန်မတို့ လှမ်းတက်နိုင်အောင် ကြိုးစားနေပါတယ်ဆိုမှ အတင်းကိုတိုးဝင်ပြီး ရပ်သေးယမင်းကို မင်းဖြစ်စေချင်သေးသကိုး။ တကယ်တမ်းသာ ရိုးရိုးသားသား ကူညီချင်တယ်ဆိုရင် ဘာဖြစ်လို့ စီးပွားရေးပိတ်ဆို့တာတွေ၊ အကူအညီ ဖြတ်တောက်တာတွေ လုပ်နေမလဲ။ မြန်မာတွေမှာ ရှေ့ကိုလှမ်းမယ် ပြင်နေပြီဆိုရင် တစ်ခါတည်းပိတ်ဆို့တာတွေနဲ့ ရင်ဆိုင်ရပြီ။ တကယ်တော့ ဆေးဝါးအကူအညီများကို ပေးမယ်ဆိုပြီး ရပ်ဆိုင်းလိုက်တာဟာ သက်သက်ဒုက္ခပေးချင်လို့လုပ်တာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲသည်အကူအညီမျိုးကို ပေးမယ်။ တောကြိုအုံကြား ဝေးလံ သီခေါင်တဲ့ ဒေသများအထိ အတားအဆီးမရှိ ဝင်နိုင်၊ ထွက်နိုင်ရမယ်။ သူတို့လက် သူတို့ခြေနဲ့ ဆောင်ရွက်ချင်တာကို ဆောင်ရွက်မယ်ဆိုတာကို လက်မခံလို့ ဆေးတွေ မပေးတော့ဘူးဆိုတာ တစ်နေရာမှာတင်ပြခဲ့သလို ဟောသည်မှာမုန့်၊ ငါလို လုပ်ချင် သလို လိုက်လုပ်။ မလုပ်ဘူးလား၊ မလုပ်ရင် တစ်ဖဲ့တောင်မှ မပေးဘူးဆိုတဲ့သဘောနဲ့ ဆက်ဆံတာကတော့ တကယ် လူသားဝါဒီ၊ လူသားများကို ကယ်ဆယ်ချင်တဲ့ စိတ်အရင်းခံတာ မဟုတ်ဘူးလို့ ပြောရမှာပါပဲ။

ကျွန်မတို့နိုင်ငံက ကောင်းစားမယ်ဆိုရင် လူတကာဝင်စေထွက်စေ၊ နောက်ပိုင်းမှ ရာဇဝင်မှာ အမည်းစက်ထင်ရုံမက ပဲ့လို့ပင်ထွက်ထွက်ဆိုပြီး တဒင်္ဂလောက်ကောင်းစားရေးကို စဉ်းစားကြတာမဟုတ်ပါဘူး။ ကျွန်မတို့တစ်တွေဟာ အဲသည်တုန်းက ဝါဒဖြန့်တဲ့ စာကိုဖတ်ပြီး အရှေ့မြောက်ဒေသတစ်နေရာမှာ ဆေးရုံဖွင့်ခဲ့တဲ့ ဆရာဝန်ကြီးဆီးဂရေ့ဖ်ကို သိပ်ကြည်ညိုခဲ့ပါတယ်။ လေးစားလိုက်ရတာမှ အလွန်ပါပဲ။ ဟော-မကြာပါဘူး။ အနောက်ကလာတဲ့ သတင်းများအရ ဆီးဂရေ့ဖ်ဟာ စီအိုင်အေအေးဂျင့်ဖြစ်တယ်ဆိုတာကို သိရတာပါပဲ။ အဲသည်စကားဟာ ကျွန်မတို့နိုင်ငံက လုပ်ကြံပြောဆိုတာ မဟုတ်ပါဘူး။ အနောက်နိုင်ငံကထုတ်ဝေတဲ့ သတင်းမဂ္ဂဇင်းများထဲမှာပါမှ ဖတ်ပြီးသိရတာပါ။

နောက်ပြီး လာအိုမှာအခြေချခဲ့တဲ့ ဆရာဝန်သောမတ်ဒူလီဆိုတာ ငယ်ကလဲငယ်၊ လူကလဲလူပုံချော၊ သူကိုယ်တိုင်ရေးတဲ့ စာတွေကလဲ တော်တော်ဖတ်လို့ကောင်းတော့ အထင်ကြီးလိုက်ရတာ၊ ကြည်ညိုလိုက်ရတာ။ ကင်ဆာရောဂါနဲ့ ဆုံးပါးသွားတဲ့ အခါမှာလဲ ဝမ်းနည်းလိုက်ရတာ။ ကောင်းတဲ့အလုပ်ကို အဲသည်လို ဗန်းပြခဲ့တဲ့ဆရာဝန် သောမတ်ဒူလီကလဲ စီအိုင်အေ အေးဂျင့်ပါပဲတဲ့ရှင်။ အနောက်က ထုတ်ဝေတဲ့ သတင်း မဂ္ဂဇင်းတွေထဲမှာ ပါခဲ့တာပါပဲ။

အဲသည်လို အတွေ့အကြုံတွေကများနေတော့ လူတကာကို ကျွန်မတို့က ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်ဖို့ခွင့်ပေးပြီးမှ မစတာ ကူညီတာကို မယူနိုင်ပါဘူး။ စေတနာမှန်ရင် ကူညီစရာရှိတာကူညီပြီး ကိုယ့်ဘာသာကိုယ် ထူထောင်နိုင်အောင် အခွင့်အရေးပေးရမှာပေါ့။ ဘာဖြစ်လို့ ဟိုဝင်သည်ထွက် လုပ်နေရမှာလဲ။ လက်နက်အင်အားနဲ့ဇွတ်အတင်းဝင်ပြီး ကူညီလို့ပျက်နေတဲ့ နိုင်ငံကိုရင်းစားရအောင်တောင်မှ ပြန်မလုပ်နိုင်ကြသေးဘဲ ဘာဖြစ်လို့ ကျွန်မတို့နိုင်ငံကို မျက်စောင်းထိုးနေကြပါသလဲ။ ထိုးဖောက် ဝင်ရောက်ချင်လို့ မြောင်းဖောက်နေတာဆိုရင်တော့ မြန်မာနိုင်ငံမှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဒီမိုကရေစီရအောင် ဆောင်ရွက်နေတာကို ကဖျက်ယဖျက် လုပ်ချင်တဲ့ ရှင်တို့ရဲ့စေတနာက စေတနာဆိုးပဲလို့ ပြောရမှာပါပဲ။ ။

ကျွန်မတို့ မြန်မာများထဲက မြန်မာ့စိတ်ရင်း မပျက်ယွင်းသေးတဲ့သူများဆိုရင် မဟုတ်တာကို ပြောတာခံရရင် ကြက်ခေါင်းဆိတ်မခံ ပြန်လှန်ပြောတတ်ပါတယ်။ ကျွန်မတို့တစ်တွေဟာ ခေတ်တော်တော်များများကို ဖြတ်သန်းပြီးလာခဲ့ကြရာမှာ လူတိုင်း ကိုယ့်အကျိုးအတွက် ကိုယ်ကြိုးစားရင်း အများကောင်းကျိုးကိုပါ တစ်ပါတည်း သယ်ပိုးရွက်ဆောင်ခဲ့ကြပါတယ်။ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်တယ်ဆိုတဲ့ ဆိုရိုးစကားနဲ့အညီ အေးချမ်းသာယာစွာနေခဲ့ကြတာ ကြာခဲ့ပါပြီ။

❍ ရှေ့ဖုံးမှ

ယင်းနောက် မင်္ဂလာအချိန်တွင် ခမောက်ကြီးမြို့ ပြည်သူ့ဆေးရုံအဝင်မုခ်ဦးကို တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အမျိုးသမီး လူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ကျန်းမာရေးပညာပေးခန်းမ၊ သားဖွားခန်း၊ ခွဲစိတ်ခန်း၊ ပိုးမွှားသန့်စင်ခန်း၊ အမျိုးသားလူနာဆောင်နှင့် ဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံတာဝန်ခံ ဆရာဝန်ဒေါက်တာဉာဏ်မင်းက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဆေးရုံခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆေးရုံဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ကျေးလက်နှင့် မြို့ပြကြား အကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ပြီးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းသို့ ဆောင်ရွက်ပေးနေသဖြင့် ဤဒေသသည် ယခင်ကထက် များစွာဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မည်သူမျှငြင်းပယ်၍မရနိုင်ကြောင်း၊ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ပြီး နိုင်ငံတော်ကထားရှိသည့် စေတနာကို သဘောပေါက်နားလည်ကြရန်လိုကြောင်း။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ဒေသခံပြည်သူများအား မိမိတို့၏ဆွေမျိုးသားရင်းကဲ့သို့ ပြုစုစောင့်ရှောက်ပေးကြစေလိုကြောင်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်းပါဝင်ပြီး မိမိတို့၏ဒေသကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ကြမှသာလျှင် ရောဂါဘယများ ကင်းဝေးပြီး ကျန်းမာရေးအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့် ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများ၏ အန္တရာယ်ကို နိုးကြားသောသတိဖြင့် အစဉ်တားဆီးကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများ၏ကိုယ်စား ဦးအောင်တင့်ဇင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆေးပဒေသာပင်စိုက်ထူ

ထို့နောက် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ကျင်းပရာ ဦးဌေးမြင့်(ယုဇနကုမ္ပဏီလီမိတက်)က ငွေကျပ် ခုနစ်သိန်းတန် မီးစက်တစ်လုံးနှင့် ဆေးပဒေသာပင် အလှူငွေကျပ် ၁၀သိန်းတို့ကို လည်းကောင်း၊ ဦးစောဂျက်-ဒေါ်ခင်ခင်စိုး(အဏ္ဏဝါစိုး ရေလုပ်ငန်းကုမ္ပဏီ)က ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်းကိုလည်းကောင်း တာဝန်ခံဆရာဝန်ဒေါက်တာဉာဏ်မင်းထံ ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်သူ့ဆေးရုံမှာ ခမောက်ကြီးမြို့ အမှတ်(၁)ရပ်ကွက်၌ရှိပြီး ဆေးရုံအကျယ်အဝန်းမှာ အလျား ပေ ၁၂၀၊ အနံ ၆၄ပေ ကျယ်ဝန်းကာ တစ်ထပ်တိုက်အဆောက်အအုံဖြစ်သည်။ ခုတင် ၁၆လုံးဆံ့ဖြစ်ပြီး ခွင့်ပြုငွေကျပ်သိန်း ၄၅၀ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခမောက်ကြီးရဲတပ်ဖွဲ့စခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အမှတ်(၄)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမှတ်(၄)ရပ်ကွက် လေ့ဆိပ်ရှိ ယာယီအဆောက်အအုံ၌ အမှတ်(၄)ရပ်ကွက်မှ ပြည်သူများအား တွေ့ဆုံကာ နိုင်ငံတော်က ခမောက်ကြီးမြို့ကို မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံများက ရေရှည်



တနင်္သာရီတိုင်း ကော့သောင်းခရိုင် ခမောက်ကြီးမြို့ ပြည်သူ့ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာဉာဏ်မင်းထံ ဦးစောဂျက်-ဒေါ်ခင်ခင်စိုး (အဏ္ဏဝါစိုး ရေလုပ်ငန်းကုမ္ပဏီ)က ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အကျိုးကို မျှော်ကိုးပြီး စည်းကမ်းတကျဖြင့် နေထိုင်ကြရန်လိုကြောင်း၊ မိမိတို့၏ ပင်မစီးပွားရေးလုပ်ငန်းအပြင် အပိုဝင်ငွေရရှိနိုင်မည့် စိုက်ပျိုးရေးလုပ်ငန်းကိုလည်း တစ်ဖက်တစ်လမ်းက ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြား၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခမောက်ကြီးမြို့ ပန်းဥယျာဉ်သို့ သွားရောက်၍ တည်ဆောက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခမောက်ကြီးတပ်နယ်ခန်းမ၌ ခမောက်ကြီးတပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ကျေးလက်ဒေသနှင့် မြို့ပြ အကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးလျက်ရှိရာ ခမောက်ကြီးမြို့သည် ယခင်ကထက်များစွာ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း၊ ယခု ထားဝယ်-မြိတ်-ကော့သောင်းကားလမ်းမကြီးဖောက်လုပ်ပြီးစီး၍ မော်တော်ယာဉ်များပြေးဆွဲပေးခဲ့ရာ ယခုအခါ ဒေသမှာ များစွာဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း။

ယခင်က ဆက်သွယ်သွားလာမှုခက်ခဲသည့်နေရာတွင် နေထိုင်သဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေကြောင်း။

ယခု နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများက မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်အကြီးအကဲက တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ အားထားရသည့်တိုင်းတစ်တိုင်းဖြစ်လာမည်ဟု မျှော်မှန်းပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ လွန်ခဲ့သောအခြေအနေနှင့် များစွာ ကွာခြားဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း။

သယံဇာတများရှိ

ရေထွက်ပစ္စည်းများတွင် တနင်္သာရီ ကမ်းရိုးတန်းဒေသမှ အများဆုံးထွက်ရှိပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ တနင်္သာရီတောင်တန်းတွင်လည်း အဖိုးတန် သယံဇာတများလည်းရှိနေကြောင်း၊ သို့ရာတွင် ဆန်စပါး ထုတ်လုပ်နိုင်မှုမှာ များစွာလျော့နည်းနေသေးကြောင်း၊ ဆန်စပါးတိုးမြှင့် ထုတ်လုပ်နိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူအားလုံးက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ယခုထက်ဖွံ့ဖြိုး တိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များကလည်း ပြည်သူလူထုအားစည်းရုံးကာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တပ်နယ် မိသားစုဝင်များအတွက် ဆပ်ပြာသေတ္တာ ၂၀ ကို နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးကျော်ဖြိုးထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေက ထောက်ပံ့ပစ္စည်းများကို နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးကျော်ဖြိုးထံ ပေးအပ်သည်။

ယင်းနောက် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအသင်းဥက္ကဋ္ဌထံ ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ် ချုပ် ကြီးမောင်ဘို ကော့သောင်း ခရိုင် ခမောက်ကြီးမြို့ ကိုယ့်အား ကိုယ်ကိုး မြို့မဈေးသစ် အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် အက်စ်အိုင်ကုမ္ပဏီလီမိတက်၏ ဆီကြမ်းကြိတ်စက်ရုံသို့ရောက်ရှိကြပြီး စက်ရုံဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အက်စ်အိုင်ကုမ္ပဏီလီမိတက်မှ ဦးမောင်မောင်ဆွေတင်နှင့် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမြသီတာဆွေတင်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ရှင်းလင်းချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ယုဇနကုမ္ပဏီလီမိတက်၏ ဆီကြမ်းကြိတ်စက်ရုံသို့ရောက်ရှိကြပြီး ဆီကြမ်းကြိတ်စက်ရုံရှိ ဓာတ်ခွဲခန်း၊ ဆီအုန်းခိုင်တင်ဆောင်သည့် မော်တော်ယာဉ်များ၊ အလေးချိန်ချိန်တွယ်မှုနှင့် ဆီကြမ်းကြိတ်စက်ရုံ၏ လုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ စက်ရုံခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ယုဇနကုမ္ပဏီလီမိတက်နှင့် အဏ္ဏဝါထွန်းကုမ္ပဏီလီမိတက်တို့၏ ဆီအုန်းစိုက်ပျိုးရန် စီမံကိန်းလျာထားချက်နှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့ထံ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွက် အလှူငွေကျပ် ၁၀သိန်းကို ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ခမောက်ကြီးမြို့ ပြည်သူ့ဆေးရုံအထွေထွေ ရန်ပုံငွေအတွက် တစ်လလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် တစ်နှစ်အတွက် အလှူငွေကျပ် ၃၆သိန်းကို ယုဇနကုမ္ပဏီလီမိတက်ဒါရိုက်တာ ဒေါက်တာမြလှိုင်နှင့် တာဝန်ရှိသူများက ခမောက်ကြီးမြို့ ပြည်သူ့ဆေးရုံတာဝန်ခံ ဆရာဝန်ဒေါက်တာမြတ်မင်းသို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ခမောက်ကြီးမြို့ ပြည်သူ့ဆေးရုံမှ ဆရာဝန်နှင့် ဆရာမများ ဆေးကုသမှုဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် မော်တော်ဆိုင်ကယ်နှစ်စီးကို ယုဇနကုမ္ပဏီလီမိတက် ဒါရိုက်တာဦးအန်ဘန်းနှင့် တာဝန်ရှိသူများက ခမောက်ကြီးမြို့ ပြည်သူ့ဆေးရုံ တာဝန်ခံ ဆရာဝန်ဒေါက်တာမြတ်မင်းနှင့် သူနာပြုဆရာမထံ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့နယ် အောင်ဘာ စံပြကျေးရွာသို့ရောက်ရှိကြပြီး ကျေးလက်ဆေးပေးခန်း၌ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများက အထွေထွေရောဂါ၊ ခွဲစိတ်ရောဂါ၊ ငှက်ဖျားရောဂါ၊ သားဖွားနှင့် မီးယပ်ရောဂါ၊ သွားနှင့် ခံတွင်းရောဂါနှင့် အထွေထွေရောဂါဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသပေးမှုနှင့် မျက်မှန်များ အခမဲ့ပေးအပ်လှူဒါန်းမှုများကို လိုက်လံကြည့်ရှုအားပေးရာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အောင်ဘာစံပြကျေးရွာ ဆိပ်ကမ်းသို့ရောက်ရှိပြီး ဆိပ်ကမ်းအခြေအနေနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် အောင်မင်္ဂလာကျောင်းတိုက်သို့ ရောက်ရှိကြပြီး ပဓာန နာယကဆရာတော် ဘဒ္ဒန္တဥတ္တမအား ဖူးမြော်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအား ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ခမောက်ကြီးတပ်နယ်မှ ဗိုလ်မှူးကြီးကျော်ဖြိုးတို့က လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်အိတ် ၂၀တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဆောက်လုပ်ဆဲ ဘုန်းတော်ကြီးကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောက်လုပ်ရန်အတွက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အလှူငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အလှူငွေကျပ်နှစ်သိန်းကို လည်းကောင်း၊ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က အလှူငွေကျပ်သုံးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ခမောက်ကြီးမြို့သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်း ခမောက်ကြီးမြို့ ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။

(သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၁၁) ထုတ်ဝေ

ရန်ကုန် အောက်တိုဘာ ၆

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်၊ ပညာရေးရာဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၁၁)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဓါတ်ပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော် အေးချမ်းသာယာရေး ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ငယ်တံတားဖွင့်ပွဲ တက်ရောက်သည့် သတင်း၊ ဒေါက်တာ လှမောင် (စီးပွားရေး)၊ ညွန့်ဟံ(ကြူတော)၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ တက္ကသိုလ်မြတ်သူ၊ တက္ကသိုလ်သန်၊ H.K ၊ အောင်ချိန်ဘွား၊ ကျော်သူ(မကွေး)တို့၏ မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ မင်းရဲကျော်၏ ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။

(သတင်းစဉ်)

ကွယ်လွန်သူ ကျေးဇူးရှင်ကြီးကြီး ဒေါ်အုန်းကြည် (ငြိမ်း-ကျောင်းအုပ်ဆရာမကြီး၊ ခရမ်း)၏ ကောင်းမှုကုသိုလ်အဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သစ္စာလမ်းနေ (ဦးအုန်းကျော်)လ/ထညွှန်မှူး၊ အကျဉ်းဦးစီးဌာန(ငြိမ်း)- ဒေါ်စောရင်အား အမှူးထား၍ သားသမီးမိသားစုများက ဒဂုံမြို့နယ်၊ အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက ကျောင်းတော် တိုးချဲ့(၆)ထပ် ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူတော်ငွေ ကျပ်သိန်း ၂၀ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ အနုမောဒနာခံယူရေစက်ချ၍ တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အိမ်ရှင်မများ တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၄ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၂၀၀၀ကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်ထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၅၆ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးရက်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အိမ်ရှင်မများ တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၆

၁၃၆၇ခုနှစ် သီတင်းကျွတ်လဆန်း ၈ရက် အောက်တိုဘာ ၁၀ရက်၊ (တနင်္လာနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ညောင်ကန်အေးရိပ်သာ ဦးစီးပဓာန နာယက အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဣန္ဒကက လည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် သူငွေးတန်းကျောင်း နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတသိရီဘိဝံသက လည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

စမ်းချောင်းမြို့နယ် အမက(၆) မိဘဆရာအသင်း ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၂ရက်က ကျင်းပရာ ပထမတန်းမှ ပထမဆုရ မတိုးယမုံမြတ်နိုးအား ကျောင်းအုပ်ဆရာကြီး ဦးအေးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၄)

မြိတ်မြို့ မိုးကုတ် အဖွဲ့ခွဲ(၁၄) အတွင်းရေးမှူးဟောင်း (ဦးစိန်ချည်)အား ရည်စူး၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၀)လမ်းနေ ဒေါ်လွမ်ဟုန် မိသားစုက အလှူငွေ ကျပ်ငါးသိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့် ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ ခုနှစ် အောက်တိုဘာလအတွက်

(၉-၁၀-၂၀၀၅)ရက်နေ့

နှင့်

(၃၀-၁၀-၂၀၀၅)ရက်နေ့

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီပန်းပုပြိုင်ပွဲ စည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် အောက်တိုဘာ ၆

၂၀၀၆ခုနှစ် မတ် ၂၇ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေး လုပ်ငန်း ကော်မတီ၏ ပန်းချီပန်းပု ပြိုင်ပွဲပြပွဲ ကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ ပန်းပုပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

ပန်းချီပြိုင်ပွဲကို မူကြိုအဆင့်(မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များ)၊ မူလတန်း(အငယ်)အဆင့် (သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း)၊ မူလတန်း(အကြီး)အဆင့်(တတိယတန်း၊ စတုတ္ထတန်း)၊ အလယ်တန်းအဆင့် (ပဥ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း)၊ အထက်တန်းအဆင့် (အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း၊ စက်မှုလက်မှုနှင့် စိုက်ပျိုးရေးကျောင်းများ)နှင့် အလွတ်တန်းအဆင့် (တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ပန်းချီပန်းပုကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဝါသနာရှင်၊ ပညာရှင်များ)ဟူ၍ အဆင့်ခြောက်ဆင့် ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။

ပန်းပုပြိုင်ပွဲကို အလွတ်တန်းအဆင့် တစ်မျိုးတည်းသာ ကျင်းပမည်ဖြစ်ပြီး အလွတ်တန်းအဆင့် ပလာစတာနှင့် သစ်သားဟူ၍ ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပန်းပုပြိုင်ပွဲ အမျိုးအစားနှစ်ရပ်စလုံးတွင် ဝါသနာရှင်၊ ပညာရှင်၊ ကျောင်းသား၊ကျောင်းသူများအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပန်းချီပြိုင်ပွဲ၏ မူကြိုအဆင့်နှင့် အခြေခံပညာအဆင့်အားလုံးတွင် ပြိုင်ပွဲဝင် ပန်းချီကား၏ အရွယ်အစားမှာ အလျား လက်မ ၂၀၊ အနံ ၁၅လက်မ အရွယ်အတွင်း နှစ်သက်ရာဆေး၊ နည်းစနစ်ဖြင့် ရေးဆွဲနိုင်သည်။ ကိုယ်တိုင်ရေးဆွဲကြောင်းနှင့် ကျောင်းလိပ်စာ၊ဆက်သွယ်ရန် နေရပ်လိပ်စာတို့ကို အပြည့်အစုံဖော်ပြ၍ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ စိစစ်ထောက်ခံချက်ဖြင့် စုစည်းပေးပို့ရမည်ဖြစ်သည်။

၂လက်မ X ၂လက်မခွဲ အရွယ် ရောင်စုံဓာတ်ပုံသုံးပုံနှင့်အတူ ၂၃-၂-၂၀၀၆ရက်နောက်ဆုံးထား၍ လက်တွေ့ဖွံ့ဖြိုးမှုဌာနစု၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမှတ်(၁၂၃)နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စုစည်းပေးပို့ရန်နှင့် ၎င်းပြိုင်ပွဲဝင်လက်ရာများကို ၁-၃-၂၀၀၆ရက် နောက်ဆုံးထား၍ ပန်းချီပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့ စုစည်းပေးပို့ရမည်ဖြစ်သည်။

အလွတ်တန်းအဆင့်(ပန်းချီ)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ပန်းချီကားများကို အလျားလက်မ ၃၀၊အနံ လက်မ ၂၀အရွယ်အတွင်း နှစ်သက်ရာဆေး၊ စက္ကူကင်းဗတ်နည်းစနစ်တို့ဖြင့် အသုံးပြုရေးဆွဲနိုင်သည်။ ကိုယ်တိုင်ရေးဆွဲကြောင်း ဝန်ခံချက်နှင့်အတူ ကိုယ်ရေးအကျဉ်း၊ အမည်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန် နေရပ်လိပ်စာတို့ကို ဖော်ပြပါရှိရမည်ဖြစ်သည်။ ၂လက်မ X ၂လက်မခွဲ အရွယ်ရောင်စုံဓာတ်ပုံသုံးပုံနှင့် အတူ ၁-၃-၂၀၀၆ ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အမှတ် ၁၈၇ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ ၂၀၀၆ခုနှစ် မတ် ၁ရက်မှ ၃ရက်အတွင်း အတွင်းရေးမှူး ပန်းချီပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်သည်။

အလွတ်တန်းအဆင့် (ပန်းပု)(ပလာစတာ)နှင့် အလွတ်တန်းအဆင့် (ပန်းပု)(သစ်သား)ပြိုင်ပွဲ နှစ်ရပ်စလုံးတွင် ပြိုင်ပွဲဝင် ပန်းပုလက်ရာများသည် အမြင့် ၃၆လက်မထက်မကျော်ရ၊ အောက်ခြေပတ်လည် ၂၄ လက်မထက် မကြီးစေရ၊ နှစ်သက်ရာ သစ်သား၊ ပလာစတာ စသည်တို့ဖြင့်ပြုလုပ်နိုင်သည်။ ကိုယ်တိုင်ထုလုပ်ကြောင်း ဝန်ခံချက်၊ အမည်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန်လိပ်စာ၊ ကိုယ်ရေးအကျဉ်းတို့နှင့်အတူ ၂လက်မ X ၂လက်မခွဲ အရွယ် ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲပါရှိရမည်ဖြစ်သည်။ ပန်းပုရုပ်များကို နှစ်သက်ရာခေါင်းစဉ်ပေးနိုင်ပြီး ယခင်နှစ်များက ပြိုင်ပွဲပြပွဲသို့ တင်သွင်းခဲ့ဘူးသည့် ရုပ်တုမဖြစ်စေရဘဲ ၂၀၀၆ခုနှစ် မတ် ၃ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး ပန်းချီပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့ တိုက်ရိုက်ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပန်းချီပန်းပုအားလုံးသည် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေး ဆွဲထုဆစ်ကြရန်ဖြစ်သည်။

အလွတ်တန်းအဆင့်ပြိုင်ပွဲဝင် ပန်းချီပန်းပုလက်ရာများကို ၂၀၀၆ခုနှစ် မတ် ၁ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အမှတ် ၁၈၇ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ ၂၀၀၆ခုနှစ် မတ် ၁ရက်မှ ၃ရက်အတွင်း အတွင်းရေးမှူး ပန်းချီပန်းပုပြိုင်ပွဲ ပြပွဲကျင်းပရေးဆပ်ကော်မတီ ဦးဝိစာရလမ်း တပ်မတော်ခန်းမ ရန်ကုန်မြို့သို့လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်သည်။

တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီပန်းပုပြိုင်ပွဲဝင် လက်ရာများအပြင် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုပြပွဲတင် ပန်းချီနှင့်ပန်းပုရုပ်တုများကိုလည်း တင်သွင်းပြသနိုင်သည်။

ဂုဏ်ပြုပြပွဲတင် ပန်းချီကားနှင့် ပန်းပုရုပ်တုများကို နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာ(၁၂)ရပ် တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေးဆွဲ ထုဆစ်ကြရန် ဖြစ်သည်။

ရှေးခေတ်မြန်မာ့တပ်မတော်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလ စသည့် တပ်မတော်၏ သမိုင်းကြောင်းဆိုင်ရာ အကြောင်းအရာများနှင့် နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများကို ဖော်ကျူးရေးဆွဲ ထုဆစ်နိုင်ကြသည်။

ဂုဏ်ပြုပြပွဲတင် ပန်းချီကားနှင့် ပန်းပုရုပ်တုများကို ၂၀၀၆ခုနှစ် မတ် ၁ရက်မှ ၅ရက်အတွင်း ဦးဝိစာရလမ်း တပ်မတော်ခန်းမ ရန်ကုန်မြို့သို့သာ တိုက်ရိုက်ပေးပို့ရန်ဖြစ်သည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr.M. Khairuzzaman သည်ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာလမ်းသွယ်ရှိ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရတနာမြတ်သုံးပါး သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခွဲက ကြီးမှူးကျင်းပမည့် "ရတနာမြတ်သုံးပါး ဂုဏ်တော်ဖွင့်သင်တန်း" ကို ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးရှိ ရှင်သာမဏေ ဓမ္မဗိမာန်၌ အောက်တိုဘာ ၁၀ရက်မှ ၁၄ရက်အထိ နေ့စဉ် မွန်းလွဲ ၂နာရီခွဲမှ ညနေ ၄နာရီ ၄၅မိနစ်အတွင်း ဆရာမ ဒေါ်ခင်လှတင် (ဓမ္မဗျူဟာ)က ပို့ချသင်ကြားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူ အမျိုးသမီးများသည် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး ဘဏ်လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၂၄၈၂၇၆ သို့ အောက်တိုဘာ ၈ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

ဝိဇာတမင်္ဂလာဂုဏာပူဇာပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၆

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ စကားတောင်ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော်ဖြစ်တော်မူသော နိုင်ငံတော်သြဝါဒါစရိယ(ဝေဠုဝန်နိကာယ) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိလာသာစာရ သက်တော်ရှည် ဆရာတော်ကြီး၏ သက်တော် (၉၅) နှစ်ပြည့်နှင့် သိက္ခာတော်(၇၅)ဝါမြောက် ဝိဇာတဂုဏာပူဇာပွဲကို အောက်တိုဘာ ၇ရက်မှ စတင်ကျင်းပ၍ အောက်တိုဘာ ၁၀ရက် မွန်းတည့် ၁၂နာရီတွင် ဝိဇာတဂုဏာပူဇာပွဲနှင့် ဓမ္မဗိမာန်သုံးထပ်ကျောင်း ရေစက်ချ မင်္ဂလာပွဲကို ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ကြွရောက်ပါရန် ဖိတ်ကြားထားသည်။ (က-ပ)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၈)ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၆

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၈)ကို ယနေ့ ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

တက္ကသိုလ် မောင်မောင်ခင်၊ မျိုးမြင့်လွင်၊ စလင်းဘုန်းကျော်၊ နန္ဒာမိုးကြယ်၊ မင်းယဉ်စု၊ ချစ်ဒေါင်းနွယ်၊ ပုဏ္ဏဝတီ တင့်နှောင်း၊ ဝင့်ဝါထွန်း(ဂန္ထဝင်ကုန်း)၊ ခမ်းစုဝင်းကြည်(သီပေါ)၊ အောင်ထွန်းလင်း(ချောက်)၊ တင်တင်ဆွေမာ(မိုးညှင်း)၊ ဘွင်းဘွင်း၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ မကြန်၊ ဒေါက်တာ မတင်ဝင်း၊ ပခုက္ကူ ဦးအုံးဖေ၊ ဗိုလ်ကလေး တင့်အောင်၊ ချစ်နိုင်(စိတ်ပညာ)၊ ဆရာဓမ္မပါလ၊ ကုမာလ(အိမ်မဲ)၊ ဒေါ်မိမိလေး (မန္တလေးတက္ကသိုလ်)၊ မြင့်သိန်းအောင်၊ မောင်ခင်မင်(ဓနုဖြူ)၊ ပြေအေး (မြင်းမူ)၊ တင်ရီမ (ညောင်ဦး)၊ မောင်ဆန္ဒ (လယ်ဝေး)၊ ထွန်းနိုင် (သာသနာရေး)၊ နီငြိမ်း (အညာတက္ကသိုလ်)၊ အောင်ဇင်၊တင်ဝင်းမောင်(အောင်လံ)၊ သုခထွေး(တောင်တွင်းကြီး) အစရှိသော စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်း ဆရာတို့၏ လက်ရာအစုံစုံ၊ ကဏ္ဍအဖုံဖုံ ပါဝင်သည့် အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် သတင်းနှင့်စာနယ်ဇင်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ နယ်မြို့ကြီးများရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

တရားပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၉၃)ရပ်ကွက် အောင်သုခ ပရိယတ္တိစာသင်တိုက်၌ ကိန်းဝပ်စံပယ်တည်ထားကိုးကွယ်မည့် စေတီတော်၊ ရုပ်ပွားတော်များ အနေကဇာတင်ပူဇော်ပွဲတွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကမ္ဘာအေးကုန်းမြေမှုပါဠိဌာန နယဒေသက ဆရာတော် အရှင်သုမင်္ဂလ မဟာဓမ္မာစရိယ M.A (Buddhism) က ၁၃၆၇ခုနှစ် သီတင်းကျွတ်လဆန်း ၇ရက် (အောက်တိုဘာ ၉ ရက်) ညတွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပေးအပ်လှူဒါန်း

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ကျန်စစ်သားလမ်း ဒဂုံရိပ်မွန်နေ ကွယ်လွန်သူမိခင်ကြီး ဒေါ်စက်ကြိမ်နှင့် ညီမ ဒေါ်ခင်ဝင်းရီတို့ အားရည်စူး၍ ဒေါ်ရီလှ(ဆင်ဖြူကျွန်း)မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံ သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မန္တလေးမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန် ဆေးတက္ကသိုလ် (၁) (၁၉၇၂-၈၀) ကျောင်းသားဟောင်းများ၏ ငွေရတု အထိမ်းအမှတ် ဆရာကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာလတွင် ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းပွဲကို အောက်တိုဘာ ၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ပန်ဒါစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ပါရန် ဖိတ်ကြားထားသည်။

ဒေါက်တာနိုင်ဝင်း ဖုန်း-၀၉၅-၁၂၇၄၇၇၊ ဒေါက်တာအောင်ဝင်း ဖုန်း-၅၁၂၅၄၃၊ ဒေါက်တာ ခင်ရီဦး ဖုန်း-၅၁၁၇၅၇၊ ဒေါက်တာခင်သီရိတို့ထံ ဆက်သွယ်နိုင်သည်။ (က-ပ)

ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန်နှိုးဆော်

ရန်ကုန် အောက်တိုဘာ ၆

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၅ခုနှစ်အတွက် (၁၆)ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ "ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"ဖြစ်သည်။ ရောင်စုံဓာတ်ပုံ ပြိုင်ပွဲဝင်လိုသူများသည် ၁၀လက်မ x ၁၂လက်မ (သို့မဟုတ်) ၁၀လက်မ x ၁၄လက်မထက် မငယ်သော အရွယ်အစား (Print) ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့် ဓာတ်ပုံနှင့်စပ်လျဉ်းသည့် အကြောင်းအရာ (Caption) အပြည့်အစုံတို့ ပါရှိရမည်ဖြစ်သည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းထွန်း ဒုတိယညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဆုရရှိသော ဓာတ်ပုံပညာရှင်များ၏အမည်ကို နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

သုတပဒေသာစာစောင်ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း စာပေဗိမာန်က ၂၀၀၅ခုနှစ် အောက်တိုဘာထုတ် သုတပဒေသာ စာစောင် အတွဲ (၃၂) အမှတ်(၁၀)ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ သုတပဒေသာ စာစောင်မှာ လစဉ် ထုတ်ဝေသည့် ဘာသာပြန်မဂ္ဂဇင်းဖြစ်ရာ နယ်မှ တစ်ဦးချင်းဝယ်ယူလိုလျှင်ဖြစ်စေ၊ စာကြည့်တိုက်များက ဝယ်ယူလိုလျှင်ဖြစ်စေ အလိုရှိသော စောင်ရေအတွက် ကျသင့်ငွေနှင့် ပို့ခစရိတ်ကို ဘဏ်ငွေလွှဲလက်မှတ် (သို့မဟုတ်) ဆက်သွယ်ရေးငွေလွှဲစာဖြင့် မန်နေဂျာ (အရောင်း) စာပေဗိမာန် (၅၂၉/ ၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၁၄၄၈သို့ လိပ်မူပေးပို့ မှာကြားနိုင်သည်။ ထို့အပြင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင်လည်း ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

လူမှုဝန်ထမ်းဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်တွေ့ဆုံ

ရန်ကုန်   အောက်တိုဘာ   ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C. Long သည် အောက်တိုဘာ၃ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမေခလာခန်းမသို့လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် ရုံးအဖွဲ့မှူး ဦးမောင်ပီတို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

သန်လျင်ဖားအောက်တောရ ဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၆

အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရရိပ်သာ သန်လျင်၏ အဌမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကို အောက်တိုဘာ ၂၃ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီခွဲတွင် ရိပ်သာတွင်းရှိ သီရိခေမာဓမ္မသာလာဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ အချိန်မီဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် သုဒဿီဓမ္မာရုံ ကြမ်းခင်းများပြုပြင်ရန်အတွက် တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ဗြဟ္မစိုရ်လမ်းနေ တော်ဝင်ပန်းဖိနပ်ဆိုင်(မင်္ဂလာဈေး)မိသားစုက အလှူတော်ငွေကျပ်သုံးသိန်းကို အောက်တိုဘာ ၂ ရက်က ပေးအပ်လှူဒါန်းရာ ဓမ္မာရုံဥက္ကဋ္ဌ ဦးကိုရည်နှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံယူစဉ်။ (၆၄)

ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (သုဝဏ္ဏ) ကျောင်းကောင်စီက ကြီးမှူးကျင်းပသည့် ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက်က အထက (သုဝဏ္ဏ) သီရိသုဝဏ္ဏပညာခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ကျောင်းကောင်စီဥက္ကဋ္ဌ၊ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းက အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ကြီးမှဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ ယာဉ်ထိန်းဌာနခွဲမှ ရဲအုပ်တင်မြင့်က ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး**(အပေါ်ပုံ)** ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ခင်မောင်ထွန်းက ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် လက်တွေ့သရုပ်ပြ ရှင်းလင်း ဟောပြောသည်။ (၅၀၆)

အဲယားပုဂံ ဂေါက်သီးရိုက်ပြိုင်ပွဲ ရက်ပြောင်းရွှေ့

ရန်ကုန် အောက်တိုဘာ ၆

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၅-၂၀၀၆ ခုနှစ် Air Bagan မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ် (မြစ်ကြီးနား) ကို မူလသတ်မှတ်ထားသော အောက်တိုဘာ ၁၃ရက်မှ ၁၆ရက်အစား အောက်တိုဘာ ၂၀ရက်မှ၂၃ရက်သို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲတွင် Professional အဆင့်နှင့် အပျော်တမ်းအဆင့် အကြောပေး ၀ မှ ၁၂ အထိဟူ၍ ခွဲခြားကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အမည်စာရင်းများကို Northern Star Golf Club ရှိ ပြိုင်ပွဲရုံးခန်းမ၌ စာရင်းပေးသွင်းနိုင်သည်။

ကူညီပံ့ပိုးမည်

ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် Air Bagan Ltd. က အဓိက ကူညီပံ့ပိုးမည်ဖြစ်ပြီး Co- Sponsors များအဖြစ် Myanmar Brewery Ltd.၊ Myanmar Treasure Resort Hotel၊ Aureum Palace Hotel Resort၊ Kanbawza Bank Ltd၊ Srixon၊ Max Myanmar Co., Ltd နှင့် London တို့က ကူညီပံ့ပိုးကြမည် ဖြစ်ပြီး HAN Event Management က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်လိုသော Professional နှင့် အပျော်တမ်းအကြောပေး ၀ မှ ၁၂ ရှိသူများသည် ခရီးသွားလာရေးအတွက် အမည်စာရင်း များကို အောက်တိုဘာ ၁၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ HAN Event Management ၁၅(က) ကမ္ဘောဇလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၉၉-၇၂၅၅၄ နှင့် ၅၄၂၉၇၉ တို့သို့ ပေးသွင်းနိုင်သည်။ (သတင်းစဉ်)

ပျော်လိုက်ရအောင်နှင့် ချစ်သောအရိမဒ္ဒနပူရ ပရိသတ်အားပေးမှုဖြင့် ဆက်လက်ပြသနေ

ရန်ကုန် အောက်တိုဘာ ၆

ယခုသောကြာပတ်တွင် ပြသဆဲ မြန်မာရုပ်ရှင် ဇာတ်ကားများသာ ဆက်လက်ပြသနေသည်။

ပျော်လိုက်ရအောင်

ရွှေတောင် ရုပ်ရှင်ထုတ်လုပ်ရေးမှ ပုဏ္ဏမီ၏ဝတ္ထုကို ကိုအောင်မင်းသိမ်းနှင့်အောင်ကြီးတို့ ဇာတ်ညွှန်းရေးသားပြီး ကိုဇော်(အရဏ်ဦး) ရိုက်ကူးသည့် **“ပျော်လိုက်ရအောင်”** ဇာတ်ကားသည် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့၌ ဆက်လက်ပြသနေသည်။

အဆိုပါဇာတ်ကားတွင် လွင်မိုး၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်၊ ညီဇေမင်း၊ရတနာခင်၊ ပွင့်နဒီမောင်၊ ခင်လေးနွယ်၊ သန်းသန်းစိုး၊ ပွင့်၊ ကင်းကောင်၊ ညောင်ညောင်၊ ဝိုင်းချစ်နှင့် ထက်ထက်တို့ပါဝင်သရုပ်ဆောင်ထားကြသည်။ ပရိသတ်ကြိုက် ဟာသအသားပေး ဇာတ်ကားတစ်ကားဖြစ်သည်။

ချစ်သောအရိမဒ္ဒနပူရ

ထို့အတူ မဟာထွန်းရုပ်ရှင်မှ ဒါရိုက်တာကြည်ဖြူသျှင် ရိုက်ကူးသည့် ပုဂံခေတ် သမိုင်းနောက်ခံ ဇာတ်ကားတစ်ကားဖြစ်သော ချစ်သော**“အရိမဒ္ဒနပူရ၏မဟာအောင်ပွဲ”** ဇာတ်ကားမှာ ရှေ့ဆောင်ရုံတွင် ဆက်လက်ပြသနေပြီး ပရိသတ်အားပေးမှုရရှိနေသည်။

အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို ရှုစားရစဉ်။

ပျော်လိုက်ရအောင် ဇာတ်ကားမှ လွင်မိုးနှင့်သရုပ်ဆောင်များ။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ပြသဆဲ နိုင်ငံခြားဇာတ်ကားဖြစ်သည့် Mr. and Mrs. Smith ဇာတ်ကား ဆက်လက်ပြသနေသည်။ စွန့်စားမှု အသားပေး ဇာတ်ကားဖြစ်သည်။ (ကြေးမုံ)

ကျွန်းလှမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် အောက်တိုဘာ ၆

ကျွန်းလှမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို အောက်တိုဘာ ၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အလုံမြို့နယ် ဆဒ္ဒန်လမ်း အောင်စေတီကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ (၂၃)

သက်ကြီးရွယ်အိုများအား ဆေးဝါးနှင့်အလှူငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၆

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍အောက်တိုဘာ၂ ရက် နံနက် ၈ နာရီက ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ်အဖြစ် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး သက်ကြီးဘိုးဘွားတို့အား ကျန်းမာရေးစစ်ဆေးကာ ဆေးဝါးနှင့် အလှူငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ ညောင်လေးပင်မြို့ မြို့မ(၄)ရပ်ကွက်ရှိ ကိုယ်ဝန်ဆောင်မိခင်များအားကျန်းမာရေးစောင့်ရှောက်ခြင်း၊ တီဘီရောဂါ ဝေဒနာသည်များအား တီဘီဆေးပေးအပ်ခြင်း၊ သုံးမြွာပူးမိခင်နှင့် ကလေးများထောက်ပံ့ငွေ ပေးအပ်ခြင်းများဆောင်ရွက်ကြသည်။ (၁၂၆)

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်

ရန်ကုန်   အောက်တိုဘာ   ၆

လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်ပါသည်။ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့်ရန်ကုန်တိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၇ရက်နေ့ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့်ကျန်ဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

သွေးလွန်တုပ်ကွေးနှင့် အခြားကူးစက်ရောဂါများ မဖြစ်ပွားရေးအတွက် နေအိမ်နှင့်ဝန်းကျင်သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး ထိရောက်စွာလုပ်ဆောင်

ရန်ကုန် အောက်တိုဘာ ၆

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို အောက်တိုဘာ ၄ ရက် နံနက် ၇ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့ ကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာတင်မောင်ဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါက်တာဥမ္မာမြင့်နှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်တို့က မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရပ်ကွက်ပေါင်း ၂၀ တို့၌ နေထိုင်သည့် လူဦးရေ၊ သောက်သုံးရေ ရယူသုံးစွဲမှု၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု၊ ကာကွယ်တားဆီးနှိမ်နင်းရေးဆိုင်ရာလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှု၊ လအလိုက်၊ နှစ်အလိုက် ရောဂါဖြစ်ပွားမှု အခြေအနေ၊ အသက်အရွယ်အပိုင်းအခြားအလိုက် ဖြစ်ပွားမှု၊ ခရိုင်အလိုက်၊ မြို့နယ်အလိုက် ရောဂါဖြစ်ပွားမှု၊ ကာကွယ်တားဆီးနှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၆-၁၀-၂၀၀၅)

ကျိုက္ခမီ	–	၃ ဒသမ ၁၅ လက်မ
သံတွဲ	–	၂ ဒသမ ၂၀ လက်မ
သထုံ	–	၁ ဒသမ ၈၅ လက်မ
ဟားခါး	–	၁ ဒသမ ၆၅ လက်မ
ကန့်ဘလူ	–	၁ ဒသမ ၅၇ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	–	၁ ဒသမ ၂၂ လက်မ
ပဲခူး	–	၀ ဒသမ ၉၅ လက်မ
မိတ္ထီလာ	–	၀ ဒသမ ၂၃ လက်မ

ကြည့်ရှုအားပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့ မင်္ဂလာတောင်ညွန့်မြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

၂၀၀၅ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရတနာကုန်သည် ၁၁၈၃ ဦး ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၅ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံပေါင်း ၁၀နိုင်ငံ၊ ကုမ္ပဏီပေါင်း ၈၇ ခုမှ ရတနာကုန်သည် ၅၂၅ ဦးနှင့် ပြည်တွင်းကုမ္ပဏီပေါင်း ၂၇၇ ခုတို့မှ နိုင်ငံသားရတနာကုန်သည် ၆၅၈ ဦး စုစုပေါင်း ၁၁၈၃ဦးတို့ ရောက်ရှိနေကြသည်။

အဆိုပါ ရတနာကုန်သည်များသည် ယနေ့နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ၂၀၀၅ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသောကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။ ပြည်ပ ရတနာကုန်သည်များသည် အောက်တိုဘာ ၉ရက်အထိ ထပ်မံရောက်ရှိကြမည်ဖြစ်သည်။

ဈေးပြိုင်အဆိုပြု

၂၀၀၅ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့နှင့် အောက်တိုဘာ ၇ ရက်တို့တွင် ရတနာကုန်သည်များ

စာမျက်နှာ ၆ ကော်လံ ၂ သို့ ●

ကြည့်ရှုလေ့လာ

၂၀၀၅ ခုနှစ် နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)